# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါခေါင်လကွယ်၊ တနင်္လာနေ့။ Monday, 21 August 2017 (၉၀၂၃)


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပိယဝဂ်(ဓမ္မပဒ-၂၁၂)

## ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလတွင် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ အကောင်းဆုံးဝတ်စားဆင်ယင်မှုနှင့် ဖျော်ဖြေတင်ဆက်မှု အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခံရ**

စာမျက်နှာ - ၇

# ပုလဲရောင်းချပွဲ သုံးရက်အတွင်း နိုင်ငံပိုင်ပုလဲအတွဲ ၂၇၀ ရာနှုန်းပြည့်ရောင်းချခဲ့ရပြီး တန်ဖိုးငွေ ယူရို ၂၃ သိန်းကျော် ရရှိခဲ့




**နေပြည်တော် ဩဂုတ် ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ Myanmar Pearl Auction (August-2017) ပုလဲရောင်းချပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) မြေညီထပ်၌ကျင်းပပြီး ပုလဲအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသည်။

နံနက်ပိုင်းတွင် ပုလဲရောင်းချပွဲကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရောက်ရှိလာပြီး ပုလဲအတွဲများ ခင်းကျင်းပြသထားရှိမှု၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

# ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ စက်မှုထုတ်ကုန်များအပါအဝင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အလားအလာများစွာရှိနေ

၂၀၁၁ ခုနှစ် နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုမြင့်တက်လာခဲ့ပြီး အထူးသဖြင့် အရပ်သားအစိုးရတက်လာချိန်၌ ပိုမိုမြင့်တက်လာလျက်ရှိရာ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များ ပံ့ပိုးပေးနေသည့်အပြင် ကုမ္ပဏီများရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း JETRO (Japan External Trade Organization) Yangon မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ ဟီရိုယာမာအိုက နှင့် ကြေးမုံသတင်းအဖွဲ့တို့ တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖




သီလဝါအထူးစီးပွားရေးဇုန်ရှိ Nippon(Nittsu) Express Company အား တွေ့ရစဉ်။ (ဓာတ်ပုံ - *ATAD*)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အားလုံးပါဝင်ပြောင်းလဲမှု အောင်မြင်

ယနေ့မြန်မာနိုင်ငံအား အပြောင်းအလဲဖြစ်ပေါ်လာကာ တိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေလိုသည့်ဆန္ဒမှာ လူတိုင်းလူတိုင်းတွင် ရှိနေသည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပထမငါးနှစ်တာကာလ ပြီးဆုံးပြီးနောက် အရပ်သားအစိုးရနိုင်ငံ့တာဝန်ယူသည့် ဒုတိယငါးနှစ်တာကာလအတွင်း အဆိုပါဆန္ဒကို ပြည်သူများ ပိုမိုမျှော်လင့်တောင့်တကြသည်မှာ အမှန်ဖြစ်ပေလိမ့်မည်။

နိုင်ငံတစ်နိုင်ငံ၏ ပြောင်းလဲတိုးတက်ရေးနှင့်ပတ်သက်၍ ထိုနိုင်ငံကို တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်ပေးသောအစိုးရက နိုင်ငံ၏ဘဏ္ဍာရေး၊ စီးပွားရေးအပေါ် အခြေခံပြီး ကောင်းမွန်မှန်ကန်သည့် စီမံခန့်ခွဲမှုစနစ်ဖြင့် နိုင်ငံတိုးတက်ပြောင်းလဲလာအောင် စီမံဆောင်ရွက်ပေးလေ့ရှိသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် နိုင်ငံနှင့် နိုင်ငံသားများအတွက်ဖြစ်သည်။

နိုင်ငံကို တိုးတက်ပြောင်းလဲအောင်ဆောင်ရွက်ရာ၌ အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေရုံဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး အခြားနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သည့် ပြောင်းလဲတိုးတက်ခြင်းကို ရရှိလိမ့်မည်မဟုတ်ချေ။ စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲပြီး အများတန်းတူရပ်တည်နိုင်သော နိုင်ငံဖြစ်လာစေရန်အတွက် အစိုးရနှင့်အတူ နိုင်ငံသားတိုင်းက ကြိုးပမ်းဆောင်ရွက်ကြဖို့လိုပေလိမ့်မည်။

ကြိုးပမ်းဆောင်ရွက်ကြသည်ဆိုရာ၌ မိမိဘဝရပ်တည်ရှင်သန်ရေး၊ မိမိတို့၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အားထုတ်လုပ်ကိုင်ကြခြင်းနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုပါ မနေမနားဆောင်ရွက်ကြခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာလျှင် မိမိတို့၏တစ်ဦးချင်းဘဝများပါ လိုက်ပါဖွံ့ဖြိုးတိုးတက်လာသဖြင့် လူတိုင်းကိုယ်စီ အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်ကြသည်ကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများမှ နိုင်ငံသားများအားလေ့လာကြည့်လျှင် သိမြင်နိုင်ပါသည်။

ဤသို့ဆိုလျှင် ၎င်းတို့ဘဝများဖွံ့ဖြိုးတိုးတက်၍သာ နိုင်ငံတိုးတက်ရေးကိုပိုမိုအားထုတ်ကြခြင်းဖြစ်သည်ဟု ဆင်ခြေပေးကောင်းပေးနိုင်ပေသည်။ အမှန်တကယ်တွင် ၎င်းတို့ဘဝများ မဖွံ့ဖြိုးသေးမီအချိန်အခါက မိမိနိုင်ငံနှင့် မိမိလူမျိုးတိုးတက်ရမည်ဟူသည့် ခံယူချက်ဖြင့် မနေမနားကြိုးစားအားထုတ်ခဲ့ကြသည်ကို လေ့လာကြည့်နိုင်သည်။ နိုင်ငံနှင့်လူမျိုး ပြောင်းလဲတိုးတက်အောင် အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်သလို ပြည်သူများကလည်း မနေမနားပါဝင်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်လာသောအခါတွင်လည်း သူများနောက်က နောက်ကျမကျန်ခဲ့ရအောင် အစိုးရနှင့်အတူ ပြည်သူတို့ကပါ စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် ပြည်သူများအနေဖြင့် အပန်းဖြေအနားယူချိန်မှအပ ကျန်အချိန်များတွင် မိမိတို့အလုပ်ကိုမိမိတို့ အစွမ်းကုန်ရုန်းကန်လှုပ်ရှား ကြိုးစားအားထုတ်ကြသည်။ နံနက်မိုးလင်းသည်နှင့် လုပ်ငန်းခွင်သို့ထွက်ခွာကြကာ ကြိုးပမ်းလုပ်ကိုင်ကြပြီး ညနေခင်းနောက်ပိုင်းတွင် အနားယူကြသည့်အပြင် အလုပ်အားလပ်ရက်များတွင်လည်း ကောင်းစွာအပန်းဖြေကြခြင်းဖြင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်သည့်အချိန်တွင် ကိုယ်စွမ်းဉာဏ်စွမ်းပိုမိုကောင်းမွန်အောင် နေထိုင်ကျင့်ကြံကြသည်။

မြန်မာနိုင်ငံတွင်လည်း တိုးတက်ပြောင်းလဲခြင်းကို ပြည်သူအားလုံးက အလိုရှိကြသည်။ သို့သော် ကြိုးပမ်းအားထုတ်ရာ၌ အစိုးရနှင့်အတူ ပြည်သူအားလုံး လိုက်ပါပြောင်းလဲခြင်းမရှိသေးချေ။ အစိုးရက အကောင်းဆုံးခံယူချက်ထားပြီး လုပ်ကိုင်ဆောင်ရွက်နေရာ၌ ပြည်သူများ၏ခံယူချက်များမှာ လိုအပ်ချက်များရှိနေသေးသည်။ ပြောင်းလဲတိုးတက်နေသောခေတ်ကာလတွင် ပြည်သူများ အားလပ်ချိန်၌ ဖေ့စ်ဘွတ်နယ်ပယ်၊ လက်ဖက်ရည်ဆိုင်နယ်ပယ်၊ သောက်စားပျော်ပါးနယ်ပယ်တို့တွင် အချိန်ဖြုန်းကြသည်ကို တွေ့နိုင်သည်။

ထို့ကြောင့် တိုးတက်ပြောင်းလဲခြင်းကို အလိုရှိပါမူ အစိုးရနှင့်အတူ ပြည်သူအားလုံး အတူပူးပေါင်းလက်တွဲကာ ကိုယ်စီကြိုးပမ်းဆောင်ရွက်ကြပါဟု လေးစားစွာဖြင့် တိုက်တွန်းချင်ပါသည်။ ။

# လူမှုစီးပွားအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီအဖွဲ့အစည်းများမှ Corporate Social Responsibility (CSR) Program ဖြင့် သက်ဆိုင်ရာဒေသရှိ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း MPRL E&P Ltd., က မန်းရေနံမြေအတွင်းရှိ ပေါက်ကုန်း၊ အောက်ကျောင်း၊ မန်းကျိုး၊ ခြင်ထောင်၊ ထုံးမကြီးနှင့် ကြာကန်ကျေးရွာတို့နှင့် ထိစပ်လျက်ရှိသည့် ကျေးရွာများတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍအတွက် အခြေခံပညာကျောင်းများတွင် ရေသန့်စင်စက်တပ်ဆင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ပို့ချခြင်း၊ ကျေးရွာအခြေခံအဆောက်အအုံ မွမ်းမံပြင်ဆင်ခြင်း၊ အခြေခံပညာကျောင်းများ ပြုပြင်မွမ်းမံခြင်းနှင့် ပရိဘောဂပစ္စည်းများထောက်ပံ့ခြင်း၊ CSR လုပ်ငန်းဆောင်ရွက်ချက်များ ပြန်လည်သုံးသပ်ခြင်း၊ အကြံပြုဆွေးနွေးတင်ပြသည့် လုပ်ငန်းစဉ်ဆိုင်ရာစီမံခန့်ခွဲခြင်း၊ သဘာဝဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၃၃၄၀၀ ကိုလည်းကောင်း၊ ကျေးရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍအနေဖြင့် အတွေ့အကြုံနှင့် အသိပညာမျှဝေပေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပြန်လည်ပြင်ဆင်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ ကျေးရွာဖွံ့ဖြိုးမှုကော်မတီကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် စေတနာ့ဝန်ထမ်းများ ကျွမ်းကျင်မှုမြှင့်တင်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၂၉၆၀ ကိုလည်းကောင်း။

လူမှုဆက်ဆံရေးနှင့် သတင်းအချက်အလက်မျှဝေခြင်းကဏ္ဍအနေဖြင့် လူမှုမီဒီယာစီမံခန့်ခွဲခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအစီအစဉ်၊ UN Global Cpmpact Annual Contribution၊ ကုမ္ပဏီ အသိပညာပေးပစ္စည်းများထုတ်လုပ်ခြင်း၊ အဖွဲ့အစည်း၏ လုပ်ငန်းသဘာဝများနှင့် လုပ်ဆောင်ချက်များကို ရိုက်ကူးထုတ်လွှင့်ခြင်း၊ သုံးလပတ်အစည်းအဝေး (နေပြည်တော်ရုံးချုပ်)၊ EITI အဖွဲ့တွင်ပါဝင်ခြင်း၊ အထွေထွေကဏ္ဍတွင် ထောက်ပံ့ခြင်းနှင့် လှူဒါန်းခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၇၈၉၀ ကိုလည်းကောင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၄၂၅၀ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

PTTEP South Asia Ltd., က မကွေးတိုင်းဒေသကြီးအတွင်းရှိ သရက်နှင့် ကမ္မဒေသတို့နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသား ၂၂ ဦးအား လစဉ်ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၈၀၈၅၉ ကိုလည်းကောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် မိုဘိုင်းကျန်းမာရေးစစ်ဆေးခြင်းအတွက် အမေရိကန်ဒေါ်လာ ၄၅၆၈၃ ကိုလည်းကောင်း၊ အခြားကဏ္ဍများဖြစ်သော ဒေသဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဘုန်းကြီးကျောင်းများ ပြန်လည်မွမ်းမံပေးခြင်းများ၊ လျှပ်စစ်မီး၊ ရေသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများအားလှူဒါန်းခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၁၁၀ ကိုလည်းကောင်း စုစုပေါင်းအမေရိကန် ဒေါ်လာ ၂၂၇၆၅၂ အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

Total E & P Myanmar ကုမ္ပဏီက ပညာရေးကဏ္ဍအနေဖြင့် ကံပေါက်ဒေသရှိ အခြေခံပညာကျောင်းများတည်ဆောက်ပေးခြင်း၊ ပိုက်လိုင်းဒေသနှင့် ရန်ကုန်တို့တွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များပံ့ပိုးခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၈၇၇၃၉ ကိုလည်းကောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ကံပေါက်ဆေးရုံသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းခြင်း၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းစရိတ်၊ ကျန်းမာရေးစီမံချက်များအတွက် အမေရိကန်ဒေါ်လာ ၁၅၂၄၀၁ ကိုလည်းကောင်း၊ အခြားကဏ္ဍများအနေဖြင့် စီမံကိန်းဝန်ထမ်း၊ လူထုဆက်သွယ်ရေးအရာရှိများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ထမ်းများ၊ အထွေထွေဝန်ထမ်းများအတွက် စရိတ်များ၊ ရုံးလုပ်ငန်းများ၊ ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်မြေဩဇာအတွက် စရိတ်များ၊ စာသင်ကျောင်း၊ တံတားများ၊ လမ်းများပြုပြင်ခြင်း၊ ရေရရှိရေးဆိုင်ရာလုပ်ငန်းများနှင့် ငွေချေးလုပ်ငန်းအစီအစဉ်၊ ပညာပေး အစီအစဉ်များ ကျန်းမာရေးအဆောက်အအုံများ၊ အစိုးရမိဘမဲ့ကျောင်း ခုနစ်ကျောင်း ထောက်ပံ့ခြင်း၊ ရန်ကုန်ရတနာကလေးစောင့်ရှောက်မှုကျောင်းထောက်ပံ့စရိတ်၊ မြန်မာပြည်အလယ်ပိုင်း မျက်မမြင်ကာကွယ်ရေးအစီအစဉ်၊ မန္တလေး၊ ပခုက္ကူ AIDS ကာကွယ်စောင့်ရှောက်မှုအစီအစဉ် တို့အတွက် အမေရိကန်ဒေါ်လာ ၅၇၇၅၁၄ ကိုလည်းကောင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၁၇၆၅၄ အကုန်အကျခံဆောင်ရွက်ခဲ့သည်။

PC Myanmar (Hong Kong) ကုမ္ပဏီက ပညာရေးကဏ္ဍအတွက် ကံပေါက်ဒေသတွင် ကျောင်းသား ၅၆ ဦးအား လစဉ် ပညာသင်စရိတ် ထောက်ပံ့ပေးခြင်း၊ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ခြင်း၊ စာကြည့်တိုက်များအား ပံ့ပိုးခြင်းတို့အတွက် အမေရိကန် ဒေါ်လာ ၆၄၂၇၀ ကိုလည်းကောင်း၊ အခြားကဏ္ဍများအနေဖြင့် အစိုးရမူလတန်းကျောင်းနှင့် အထက်တန်းကျောင်း ဆောက်လုပ်ပေးခြင်း၊ ကလိန်အောင်၊ ဇာဒိကျေးရွာ အုန်းပင်ကွင်းကျေးရွာတို့တွင် သောက်သုံးရေရရှိရေး၊ မူကြိုကျောင်း ကလေးအားကစားကွင်း ဆောက်လုပ်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၂၀၉၈၃၀ ကိုလည်းကောင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၄၁၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ရာ နိုင်ငံခြားကုမ္ပဏီ လေးခုမှ လူမှုစီးပွားအထောက်အကူပြုလုပ်ငန်းများတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၈၃၆၅၆ ကို သုံးစွဲဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲ သံတွဲ၌ကျင်းပ

**သံတွဲ ဩဂုတ် ၂၀**

သံတွဲမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက(၁) ဒွါရာ ရွှေပြည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစောဝင်းက သင်တန်းကိစ္စဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အလှူငွေများကို အလှူရှင်များကိုယ်စား ရခိုင်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးက ပေးအပ်လှူဒါန်းရာ သံတွဲမြို့နယ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း မြို့နယ်တာဝန်ခံ ဦးအောင်ကျော်သိန်းက လက်ခံရယူသည်။ ယင်းနောက် အခြေစိုက်စခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့် အကောင်းဆုံးစွမ်းဆောင်ရည်ဆုနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆုများနှင့် မြို့နယ်အဆင့် ပဉ္စမဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့် ပေးခဲ့ကြကြောင်း သိရသည်။

ယခုကျင်းပသည့် သံတွဲမြို့နယ် ကျောင်းပြင်ပပညာရေးလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အထိ ယူနီဆက်နှင့် အခြားအလှူရှင်နိုင်ငံများက လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီး ဌာန၏ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန လက်အောက်တွင် ထားရှိဆောင်ရွက်ရှိသည်။ သံတွဲမြို့နယ်အနေဖြင့် ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းစခန်းခြောက်ခုကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ငါးနှစ်တာ ကာလအတွင်း ပထမအဆင့် ၂၅၁ ဦး၊ ဒုတိယအဆင့် ၂၃၃ ဦး စုစုပေါင်း ၄၈၄ ဦးခန့် တက်ရောက်သင်ကြားခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဋ္ဌမတန်းအဆင့်အထိ တက်ရောက်ပညာသင်ကြားနိုင်သည့် ရွှေတုံးကလေး ပေါင်း ၅၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ယခုနှစ်တွင် ပထမအဆင့် ၅၇ ဦး၊ ဒုတိယအဆင့် ၅၆ ဦး စုစုပေါင်း ၁၁၃ ဦးကို မူလတန်းအဆင့်ပြီးဆုံးအောင် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သံတွဲမြို့နယ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း မြို့နယ်တာဝန်ခံ ဦးအောင်ကျော်သိန်း၏ ပြောကြားချက်အရ သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**




၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီး ဌာန၏ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန လက်အောက်တွင် ထားရှိဆောင်ရွက်ရှိသည်။


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငြေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ၂၀၁၆၊ ၂၀၁၇ ခုနှစ် ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော်သံဃာတော်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အခမ်းအနားကျင်းပမည့်နေရာသို့ ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသောဘိတအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)အား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၇) ရပ်ကွက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာတော် ဒေါက်တာဘဒ္ဒန္တထေရိန္ဒအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဝိမလာရာမနတ်ညွန့် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြပြီး သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြကာ လူပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်အပ်နှင်းကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများမှာ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ငါးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး လေးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး လေးပါးနှင့် သီလရှင် တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး တစ်ပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါးနှင့် သီလရှင်ဆရာကြီး နှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ သာသနာနုဂ္ဂဟ (လူပုဂ္ဂိုလ်) အမျိုးသားနှစ်ဦး၊ အမျိုးသမီး ရှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် Printing Forum အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။



မြန်မာ့ဂန္ထဝင် စာပေလက်ရာကောင်းများကို လွယ်လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ အကောင်းဆုံးလက်ရွေးစင်စာပေများကို စုစည်းပြီး မြန်မာစာအုပ် ၁၀၀ စာစဉ်အဖြစ် စာပေဗိမာန်က ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ ယခုတတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က မြန်မာစာအုပ် ၁၀၀ စာစဉ်အတွက် စာအုပ်များ ရွေးချယ်နိုင်ရေး၊ ထုတ်ဝေမည့် စာအုပ်နှင့် ဖော်ပြမည့်စာလုံး၏ အရွယ်အစား၊ ရှေးဟောင်းဂန္ထဝင်ဝတ္ထုများ၊ အတ္ထုပ္ပတ္တိ၊ ကဗျာ၊ သုတ၊ ရသ စသဖြင့် ဘာသာရပ်အလိုက်၊ ကဏ္ဍအလိုက် စုစည်းနိုင်ရေး အကြံပြုဆွေးနွေးသည်။

ထို့နောက် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေး လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ဦးသန်းအုန်း (မောင်ဇေယျာ)က ၂၀ ရာစုအတွင်း ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ စကားပြေ၊ အက်ဆေး စသဖြင့် ပါဝင်စေလိုသည့် အကြောင်းအရာ ခေါင်းစဉ်များကို စာရင်းပြုစုနိုင်ရေး အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တက်ရောက်လာကြသည့် စာပေပညာရှင်များက မြန်မာစာအုပ် ၁၀၀ စာစဉ် ထုတ်ဝေနိုင်ရေးနှင့် စပ်လျဉ်း၍ စာစဉ်အတွက် လိုအပ်မည့်စာအုပ် စာတမ်းများရရှိအောင် ဆောင်ရွက်ရေး၊ ဖော်ပြမည့် စာလုံး၏ဒီဇိုင်းနှင့် ထုတ်ဝေမည့်စာစဉ်၏ အရွယ်အစား၊ စာမျက်နှာအရေအတွက်၊ စာစဉ်အတွက် ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ စာစဉ်အမည်နှင့် စာစဉ် Logo သတ်မှတ်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်မှာ စာပေဗိမာန်ကို အများပြည်သူက လေးစားအားကိုးရသည့် တန်ဖိုးရှိ အဆောက်အအုံကြီးဖြစ်ရန် ပြန်လည်ထူထောင်ရေးဖြစ်ကြောင်း၊ ယခုလို မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေး လုပ်ငန်းကြီးများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခြင်းဖြင့် စာပေဗိမာန်၏ အခန်းကဏ္ဍများ မြှင့်တင်ရမည်ဖြစ်ကြောင်းစသဖြင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် Printing Forum အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ**(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုဖိုရမ်သည် မြန်မာနိုင်ငံရှိ ပုံနှိပ်ပညာနှင့် ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလိုဆွေးနွေးပွဲများမှ အကြံဉာဏ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ပုံနှိပ်နည်းပညာ၊ ပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားရေးတွင် ပုံနှိပ်လုပ်ငန်း၏ အခန်းကဏ္ဍ အချိုးအစား မည်မျှပါဝင်သည်၊ လိုအပ်ချက် မည်မျှရှိသည်ကို စနစ်တကျ လေ့လာသုတေသန စာတမ်းပြုစုရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းဟန်နှင့် အတွင်းရေးမှူး ဦးသူရိန်ထွန်းတို့က Printing Forum ကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံ ပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းအနေဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်တွင် စက်မှုလယ်ယာမှ ထွန်စက်များ ကွင်းဆင်းပြုပြင်

**မောင်တော ဩဂုတ် ၂၀**

မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မိုးစပါးထွန်ယက်စိုက်ပျိုးရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ထားသော လက်တွန်းထွန်စက် ၃၈ စီးနှင့် တောင်သူများပိုင်ဆိုင်သော လက်တွန်းထွန်စက် ရှစ်စီးတို့ကို စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ကြည် ဦးဆောင်သောအဖွဲ့က ကျေးရွာများအရောက် ကွင်းဆင်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လယ်သမားများ လုပ်ငန်းခွင်မပျက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မောင်တောမြို့နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နှစ်ရက်အတွင်း ထွန်စက် ၂၈ စီး ပြုပြင်ထိန်းသိမ်းပေးနိုင်ခဲ့ပြီး ကျန်ရှိနေသောကျေးရွာများကိုလည်း ထပ်မံသွားရောက်ကာ ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ကြည်က ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**



# နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဩဂုတ် ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင် ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ကမာနတ် အထက ကျောင်းတွင် စာဖတ်ရှိန်မြင့်မားရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ရာ ရုပ်သံကျွမ်းကျင်-၃ ဒေါ်စုစုဝါက “အနာဂတ်ခေါင်းဆောင်လူငယ်များ မှားမှန်ပိုင်းခြားသုတပွားဖို့ စာဖတ်ကြပါစို့” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး နံရံကပ်စာစောင်ပြသခြင်းနှင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းတို့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အမေရိကန်နိုင်ငံတစ်ဝန်း ဩဂုတ် ၂၁ ရက်တွင် နေကြတ်မည်၊ နေစွမ်းအင်ထုတ်လုပ်ရေးအပေါ် အကျိုးသက်ရောက်နိုင်မှု လေ့လာမည်

**ဟူစတန် ဩဂုတ် ၂၀**

အမေရိကန်ပြည်ထောင်စု၌ ဩဂုတ် ၂၁ ရက်တွင် အော်ရီဂွန်ပြည်နယ်မှသည် တောင်ကာရိုလိုင်းနားပြည်နယ်အထိ လုံးလုံးလျားလျား နေကြတ်မှုဖြစ်စဉ်ပေါ်ပေါက်မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားကုမ္ပဏီများက နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းအပေါ် မည်သို့မည်ပုံ အကျိုးသက်ရောက်မှုရှိနိုင်မည်ကို လေ့လာစောင့်ကြည့်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

လုံးလုံးလျားလျား နေကြတ်မှုက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများအပေါ် အကျိုးသက်ရောက်နိုင်ပုံကို လေ့လာစောင့်ကြည့်နိုင်ရန် လေ့လာစောင့်ကြည့်ရေးစနစ်များကို တပ်ဆင်လျက်ရှိကြကြောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးကုမ္ပဏီများက ပြောကြားကြသည်။

အမေရိကန်ပြည်ထောင်စု၌ နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ် ၄၂၆၀၀ ကျော်ရှိရာ လျှပ်စစ်ဓာတ်အားဝယ်လိုအား အများဆုံးကာလတွင် လျှပ်စစ်ဓာတ်အား ဝယ်လိုအား၏ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ ၂၀၀၀ ပြည့်နှစ် အခြေပြဇယားအရ ၅ မဂ္ဂါဝပ်သာရှိခဲ့ရာမှ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း မြောက်အမေရိက လျှပ်စစ်ဓာတ်အား ဖူလုံရေးကောင်စီက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၌ နောက်ထပ်တစ်ကြိမ် နေကြတ်မှု ၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်သည့်အခါ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏ၏ ၁၄ ရာခိုင်နှုန်းကို နေစွမ်းအင်မှ ထုတ်လုပ်သည့်အဆင့်သို့ ရောက်ရှိလိမ့်မည်ဟု အဆိုပါကောင်စီက ခန့်မှန်းထားသည်။

နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူမှု တိုးတက်လာနေသော ခေတ်ကာလတွင် နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများအနေဖြင့် စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ဖြန့်ချိပေးနိုင်ရေးအတွက် ကောင်းစွာပြင်ဆင်ထားရန် လိုအပ်ပြီး ဩဂုတ် ၂၁ ရက် နေကြတ်မှုဖြစ်စဉ်သည် နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် စမ်းသပ်မှုကြီးတစ်ရပ် ပြုလုပ်နိုင်ရန် အခွင့်အခါကောင်းတစ်ရပ်ဖြစ်ကြောင်း အဆိုပါကောင်စီက ပြောကြားသည်။

ဩဂုတ် ၂၁ ရက်တွင် အမေရိကန်၌ လုံးဝနေကြတ်မှုကို နိုင်ငံအနောက်ပိုင်း အော်ရီဂွန်ပြည်နယ်မှသည် အရှေ့ပိုင်း မြောက်ကာရိုလိုင်းနားပြည်နယ်အထိ တွေ့မြင်ကြရမည်ဖြစ်သည်။ မြောက်အမေရိကတိုက်သားတို့သည် ၉၉ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် နေကြတ်မှုကို တွေ့မြင်ခွင့်ရရှိမည်ဖြစ်သဖြင့် စိတ်လှုပ်ရှားလျက်ရှိကြသည်ဆို၏။

အမေရိကန်တစ်ဝန်း နေကြတ်မှုဖြစ်စဉ်မှာ ၂၁ ရာစုတွင် ပထမဆုံးအကြိမ်ဖြစ်ပေါ်ခြင်းဖြစ်ပြီး နေကြတ်မှုကို နောက်ဆုံးအကြိမ်အဖြစ် ၁၉၁၈ ခုနှစ်တွင် တွေ့မြင်ခဲ့ကြရသည်။

**ရိုက်တာ။**



## အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မီးရထားတစ်စင်း ပြေးလမ်းချော်၊ အနည်းဆုံး လူ ၂၀ သေဆုံး

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင်မီးရထားတစ်စင်းသည် ပြေးလမ်းချော်ကာ တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် လူ ၂၀ အနည်းဆုံးသေဆုံးခဲ့ပြီး ၆၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩဂုတ် ၁၉ ရက်ညပိုင်းက ယူတာပရာဒေ့ရှ်ပြည်နယ်တွင် ရထားလမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရထားသည် ဩဂုတ် ၁၇ ရက်တွင် အိုဒီရှာပြည်နယ်မှ စတင်ထွက်ခွာလာခဲ့ပြီး ဩဂုတ် ၁၉ ရက်ညပိုင်းတွင် ကီလိုမီတာ ၁၃၀၀ ခန့်ဝေးကွာသော ယူတာရာခန်းပြည်နယ်သို့ ရောက်ရှိရန် ဦးတည်ပြေးဆွဲလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မီးရထားကွန်ရက်သွယ်တန်းမှုတွင် ကမ္ဘာ့အဆင့် (၄)ရှိသည်။ သို့သော် အရည်အသွေး နိမ့်ကျသော တည်ဆောက်မှုများကြောင့် မတော်တဆမှုများမကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော နိုဝင်ဘာလက ယူတာပရာဒေ့ရှ်ပြည်နယ်တွင် ရထားနှင့် ကုန်တင်ကားတစ်စီး တိုက်မိကြရာ လူပေါင်း ၁၅၀ နီးပါး သေဆုံးခဲ့ရသည်။ ဇန်နဝါရီလတွင် အဆိုပါပြည်နယ်အတွင်း ရထားတစ်စင်း ပြေးလမ်းချော်တိမ်းမှောက်ခဲ့ရာ လူပေါင်း ၃၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် အိန္ဒိယအစိုးရက နိုင်ငံအတွင်း မီးရထားကွန်ရက်သွယ်တန်းမှုဆိုင်ရာ လုံခြုံရေးကိုမြှင့်တင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ မီးရထားကွန်ရက်သွယ်တန်းမှုဆိုင်ရာ လုံခြုံရေးအတွက် ဂျပန်အစိုးရအား အကူအညီတောင်းခံထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



## တောင်အာရှဒေသဆိုင်ရာ မဟာဗျူဟာသစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် လေ့လာသုံးသပ်

**ဝါရှင်တန် ဩဂုတ် ၂၀**

တောင်အာရှဒေသဆိုင်ရာ အမေရိကန်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မဟာဗျူဟာသစ်တစ်ရပ် အကောင်အထည်ဖော်နိုင်ရန် သမ္မတ ဒေါ်နယ်ထရန့်က သုံးသပ်လေ့လာလျက်ရှိကြောင်း သမ္မတထရန့်နှင့် ၎င်း၏ အမျိုးသားလုံခြုံရေး ထိပ်တန်းလက်ထောက်တို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။

တောင်အာရှဒေသဆိုင်ရာ မဟာဗျူဟာသစ်နှင့်ပတ်သက်နေသော ဆုံးဖြတ်ချက်တစ်ရပ်ကို သင့်တင့်လျောက်ပတ်သည့်အချိန်တွင် သမ္မတက အပြီးသတ်ချမှတ်မည်ဖြစ်သည်ဟု အိမ်ဖြူတော်က ပြောကြားသော်လည်း ဆွေးနွေးချက်များနှင့်ပတ်သက်၍ အသေးစိတ်ပြောကြားခြင်း မရှိပေ။

တောင်အာရှဒေသဆိုင်ရာ မဟာဗျူဟာမှာ အဓိကအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒကို ရည်ညွှန်းသည်။ သို့ရာတွင် စစ်ကြောင့်ပျက်စီးနေသော အာဖဂန်နစ္စတန်နိုင်ငံ၌ ဆယ်စုနှစ်ပေါင်း အတန်ကြာဖြစ်ပေါ်လာခဲ့သည့် ပြဿနာနှင့်ပတ်သက်၍ ဒေသဆိုင်ရာချဉ်းကပ်မှုပုံစံတစ်ရပ်ရှိရန် လိုအပ်သည်ဟု သမ္မတထရန့်၏ အစိုးရအဖွဲ့က ယူဆသည်။

သမ္မတ၏ အပန်းဖြေစခန်းတည်ရာ ဒေးဗစ်စခန်း၌ သမ္မတထရန့်အား ၎င်း၏အမျိုးသားလုံခြုံရေး အကြံပေးအဖွဲ့က ရှင်းလင်းတင်ပြမှု ပြုလုပ်ခဲ့သည်။

တောင်အာရှဒေသရှိ အမေရိကန် အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ပေးမည့် မဟာဗျူဟာသစ်တစ်ရပ်နှင့်ပတ်သက်၍ အမျိုးသားလုံခြုံရေး အကြံပေးအဖွဲ့၏ တင်ပြချက်ကို သမ္မတက လေ့လာသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြန်ကြားရေးအတွင်းဝန် ဆာရာဆန်ဒါက ပြောကြားသည်။

ထိုစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းပေးရန် အထက်လွှတ်တော်အမတ် လင်ဆေးရေဟာမ်က သမ္မတထရန့်အား တိုက်တွန်းကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ရိုက်တာ။**




## သင်္ဘောချင်းတိုက်မိမှု ဖြစ်ပွားခဲ့ပြီးနောက် အီရတ်သင်္ဘောတစ်စင်း နစ်မြုပ်

**ဘဂ္ဂဒက် ဩဂုတ် ၂၀**

အီရတ်နိုင်ငံ၏ ပိုင်နက်ရေပြင်အတွင်း အီရတ်သင်္ဘောတစ်စင်းနှင့် အခြားသင်္ဘောတစ်စင်းတို့ ဩဂုတ် ၁၉ ရက်က တိုက်မိမှုဖြစ်ပွားရာ သင်္ဘောသားလေးဦးထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပိုင်ဆိုင်သည့် ရေငုပ်အဖွဲ့ အထောက်အကူပေးရေးသင်္ဘောဖြစ်သော အယ်လ်မစ္စဘားအမည်ရှိ သင်္ဘောသည် စိန့်ဗင်းဆင့်ကျွန်းမှတ်ပုံတင် ကုန်ခြောက်တင်ကုန်သင်္ဘောတစ်စင်းနှင့်တိုက်မိခဲ့ပြီးနောက် နစ်မြုပ်ခဲ့ကြောင်း၊ အီရတ်သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၂၁ ဦးလိုက်ပါခဲ့ပြီး ၎င်းတို့အနက် ၁၀ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသော သင်္ဘောသားများကို ရှာဖွေတွေ့ရှိနိုင်ရန် ရှာဖွေလျက်ရှိကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။ **ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

**(ယခင်အပတ်မှအဆက်)**

တာဝန်စယူပြီဆိုတာနဲ့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အာရှအဖွဲ့ဟာ အမေရိကန်နိုင်ငံရဲ့ ယိုယွင်းနေတဲ့ဆက်ဆံရေးကို ပြန်ကောင်းမွန်လာအောင် ဘယ်လိုလုပ်မလဲဆိုတာကို စရင်ဆိုင်ရပါတယ်။ အမေရိကန်နိုင်ငံနဲ့ ထိုင်းနိုင်ငံကြား ဆက်ဆံရေး၊ အမေရိကန်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြား ဆက်ဆံရေးတွေမှာ ဒီအချက်က ပိုပေါ်လွင်ပါတယ်။ ပြောရရင် သမိုင်းအစဉ်အလာအရ ထိုင်းနိုင်ငံရော ဖိလစ်ပိုင်နိုင်ငံပါ အမေရိကန်နိုင်ငံရဲ့ မဟာမိတ်နိုင်ငံတွေပါ။ အဓိကအချက်ကတော့ သမ္မတ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့ စတင်တာဝန်ယူချိန်မှာ အာရှဒေသဟာ တရုတ်နိုင်ငံဘက်ကို အတော်ကြီးကို ယိမ်းနေပါပြီ။

၂၀၁၄ ခုနှစ်မှာ ထိုင်းနိုင်ငံမှာ အာဏာသိမ်းခဲ့တဲ့အတွက် အဲဒီနောက်ပိုင်း သမ္မတ အိုဘားမားအစိုးရအဖွဲ့က စစ်ရေးသင်တန်းတချို့နဲ့ အကူအညီတစ်စိတ်တစ်ပိုင်းကို ရပ်ဆိုင်းခဲ့ပါတယ်။ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာလက်ထက်မှာ ဖိနှိပ်အုပ်ချုပ်မှုတွေ ပြုလုပ်ခဲ့တယ်လို့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိစ္စရပ်တွေအပေါ် သမ္မတ အိုဘားမားအစိုးရအဖွဲ့က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့တာပါ။ ဒါပေမယ့် တချို့လေ့လာသုံးသပ်သူတွေကတော့ သမ္မတ အိုဘားမားအစိုးရအဖွဲ့ဟာ ထိုင်းအစိုးရအပေါ် လိုအပ်သလောက်တင်းတင်းမာမာ မဆက်ဆံခဲ့ဘူးလို့ ယူဆကြတာပါ။ ဥပမာပြောရရင် အမေရိကန်နိုင်ငံနဲ့ ထိုင်းနိုင်ငံကြား နှစ်စဉ်ပြုလုပ်နေကျ ပူးတွဲစစ်ရေးလေ့ကျင့်မှု (Cobra Gold) ကို သမ္မတ အိုဘားမားအစိုးရအဖွဲ့က မရပ်ဆိုင်းခဲ့ပါဘူး။ တချို့ကျတော့လည်း အမေရိကန်နိုင်ငံက ထိုင်းနိုင်ငံအပေါ် မာမာထန်ထန် ဆက်ဆံခဲ့တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေး အေးစက်စက်ဖြစ်ပြီး တချို့နေရာတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရပ်တန့်ခဲ့ရတယ်လို့ ထောက်ပြကြပါတယ်။ တစ်ပါတည်းဆက်ထောက်ပြတဲ့အချက်ကတော့ အမေရိကန်နိုင်ငံက ထိုင်းနိုင်ငံကို ဆက်လက်မပံ့ပိုးမပူးပေါင်းတဲ့ ကဏ္ဍတွေမှာ တရုတ်နိုင်ငံက အစားထိုးနေရာယူလာတဲ့ အချက်ပါ။ ရလဒ်ကတော့ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကြား စစ်ရေးပူးတွဲလေ့ကျင့်မှုတွေ၊ လက်နက်အရောင်းအဝယ်တွေ တစ်ခုပြီးတစ်ခုဆိုသလို မြင်တွေ့လာရတာပါ။

သမ္မတ အိုဘားမားလက်ထက်မှာ အမေရိကန်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြား ဆက်ဆံရေးမှာလည်း ဆုတ်ယုတ်မှုတွေကို ကြုံတွေ့လာရတာပါ။ ဖိလစ်ပိုင်နိုင်ငံနဲ့ ဆက်ဆံရေးဆုတ်ယုတ်ခဲ့ရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ သမ္မတ ဒူတာတေးရဲ့ အလွန်အကျွံ မူးယစ်ဆေးဝါးနှိမ်နင်းခဲ့တဲ့ ကိစ္စတွေကြောင့်ပါ။ သမ္မတ ဒူတာတေးရဲ့ အလွန်အကျွံ မူးယစ်ဆေးဝါးနှိမ်နင်းမှုကြောင့် လူပေါင်း ၈၀၀၀ လောက် သေဆုံးခဲ့ရတာပါ။ ဒီလို တရားလက်လွတ် သတ်ဖြတ်မှုတွေအပေါ် သမ္မတ အိုဘားမားက ဝေဖန်ခဲ့တဲ့အတွက် သမ္မတ ဒူတာတေးက သမ္မတ အိုဘားမားကို ‘အပျက်မသား’လို့ တုံ့ပြန်ပုတ်ခတ်တိုက်ခိုက်ပြီး နိုင်ငံခြားရေးမူဝါဒမှာ တရုတ်နိုင်ငံဘက်ကိုယိမ်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ဒီအနေအထားတွေကို ပြင်ဆင်နိုင်ဖို့ သမ္မတ ဒေါ်နယ်ထရန့်က ပြီးခဲ့တဲ့ ဧပြီလမှာ သမ္မတ ဒူတာတေးဆီဖုန်းဆက်ပြီး အိမ်ဖြူတော်ကို အလည်လာဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ လူ့အခွင့်အရေးအုပ်စုတွေကတော့ ဒါဟာအာဏာရှင်ကို မျက်နှာချိုသွေးတာပဲလို့ ဝေဖန်ကြပါတယ်။ ဒီလို ဝေဖန်မှုတွေရှိနေပေမယ့် တချို့လေ့လာသုံးသပ်သူတွေကတော့ အမေရိကန်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံကြား ဆက်ဆံရေးမှာ နွေးထွေးမှုတွေ ရှိလာတယ်လို့ သုံးသပ်ကြပါတယ်။

နှစ်နိုင်ငံကိုယ်စားလှယ်တွေဟာ ဇူလိုင်လထဲမှာ အမေရိကန်-ဖိလစ်ပိုင် လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက် ချုပ်ဆိုဖို့ ညှိနှိုင်းဆွေးနွေးခဲ့သလို မာရာဝီမြို့မှာရှိတဲ့ အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေ ချေမှုန်းရာမှာ အမေရိကန်အထူးတပ်ဖွဲ့တွေ ပါဝင်ကူညီနိုင်ဖို့ ကိစ္စကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ မာရာဝီမြို့မှာရှိတဲ့ အစွန်းရောက်အကြမ်းဖက်အဖွဲ့ဟာ အစ္စလာမ္မစ်နိုင်ငံတော် (IS) အကြမ်းဖက်အဖွဲ့နဲ့ ချိတ်ဆက်ထားတဲ့ အဖွဲ့ပါ။ နှစ်နိုင်ငံကြား ဒီလိုတိုးတက်လာတဲ့ အခြေအနေတွေကို သမ္မတ ဒူတာတေးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ပါတယ်။ သမ္မတ ဒူတာတေးက “ချီးကျူးစရာရှိရင် ချီးကျူးရမှာပါ။ အကြမ်းဖက်မှုကို ချေမှုန်းရာမှာ အမေရိကန်နိုင်ငံက ကျွန်တော်တို့တပ်ဖွဲ့တွေကို ကူညီခဲ့ပါတယ်”လို့ ပြောကြားခဲ့သလို သက်တမ်း(၆၆)နှစ်ရှိပြီဖြစ်တဲ့ ဖိလစ်ပိုင်-အမေရိကန် အပြန်အလှန်ကာကွယ်ရေးစာချုပ်ကို ဆက်ပြီး ဆုပ်ကိုင်လိုက်နာသွားမယ်လို့လည်း ပြောကြားခဲ့ပါတယ်။



သမ္မတ ဒေါ်နယ်ထရန့် အစိုးရအဖွဲ့က လူ့အခွင့်အရေးကိစ္စတွေ လျစ်လျူရှုပြီး ဒေသတွင်းက အာဏာတင်းတင်းကျပ်ကျပ်ချုပ်ကိုင်ထားတဲ့အခါ အစိုးရအဖွဲ့တွေနဲ့ ဆက်ဆံရေးပြေလည်လိုတာကတော့ ပုံပေါ်ပြီးသားပါ။ မေလထဲမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆင်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေနဲ့တွေ့ဆုံရာမှာ “လူ့အခွင့်အရေးကိစ္စရပ်တွေအပေါ် အာရုံစိုက်တာဟာ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးအကျိုးစီးပွား၊ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအကျိုးစီးပွား စတဲ့စတဲ့ အကျိုးစီးပွားတွေ ခိုင်မာကျယ်ပြန့်လာအောင် ကြိုးပမ်းတဲ့နေရာမှာ အဟန့်အတား၊ အဖုအထစ်တွေဖြစ်စေတယ်”လို့ ပြောဆိုခဲ့တာပါ။ ဒါကြောင့် တချို့ပါရဂူတွေက သမ္မတ ဒေါ်နယ်ထရန့် အစိုးရအဖွဲ့ဟာ အာရှဒေသနဲ့ ဆက်ဆံရာမှာ တရုတ်နိုင်ငံရဲ့ ချဉ်းကပ်ပုံကို ရောင်ပြန်ဟပ်တဲ့ ချဉ်းကပ်ပုံမျိုး ကျင့်သုံးလိမ့်မယ်လို့ တွက်ဆကြပါတယ်။ သဘောကတော့ အမေရိကန်နိုင်ငံဟာ အာရှဒေသတွင်း အစိုးရအဖွဲ့တွေနဲ့ ဆက်ဆံရာမှာ တရုတ်နိုင်ငံလိုပဲ လူ့အခွင့်အရေးကိစ္စတွေ၊ အစိုးရအဖွဲ့က ပွင့်လင်းမြင်သာမှုရှိ/မရှိဆိုတဲ့ ကိစ္စတွေ စတဲ့စတဲ့ ကိစ္စရပ်တွေကို လျစ်လျူရှုပြီး လက်တွဲပံ့ပိုးကူညီသွားမယ်ဆိုတဲ့ သဘောပါပဲ။

ဒီရပ်တည်ချက်အားကောင်းလာအောင် ပံ့ဖော်နေတဲ့ အင်အားစုတွေ ဝါရှင်တန်မှာ အများကြီးရှိပါတယ်။ ဩဇာကြီးမားတဲ့ မူဝါဒရေးရာအကြံပေးအဖွဲ့(Center for a New American Security)ရဲ့ သုတေသနပညာရှင် အန်တိုနီ ဝွန်းချိုက “အမေရိကန်နိုင်ငံအနေနဲ့ ပိုပြီးလက်တွေ့ကျတဲ့ ချဉ်းကပ်ပုံမျိုးကို ကျင့်သုံးရမှာပါ။ ထိုင်းနိုင်ငံနဲ့ တည်ဆောက်ထားတဲ့ ဆက်ဆံရေးဖွာထွက်ယိုင်နဲ့မသွားခင် လုံခြုံရေးနဲ့ စီးပွားရေးကိစ္စရပ်တွေကို ဦးစားပေးကိစ္စတွေအဖြစ် သတ်မှတ်ပြီး ဆက်ဆံသွားဖို့လိုတယ်”လို့ မကြာသေးခင်ကဘဲ ရေးသားခဲ့ပါတယ်။ တချို့ဝေဖန်သုံးသပ်သူတွေက ဒါဟာ သမ္မတ အိုဘားမားရဲ့ လူ့အခွင့်အရေးအခြေခံဆက်ဆံရေးကနေ ခွဲထွက်လာတာလို့ ရှုမြင်ကြပါတယ်။ ပြောရရင် သမ္မတ အိုဘားမားက လူ့အခွင့်အရေးကိစ္စမြှင့်တင်ရမယ်လို့ ကြွေးကြော်နေပေမယ့် ဒီမူဝါဒကို လက်တွေ့ကျင့်သုံးရာမှာ ရှေ့နောက်မညီတာတွေ ရှိနေတယ်ဆိုတဲ့ သုံးသပ်မှုမျိုးတွေတောင် ရှိနေတာပါ။ ဥပမာအနေနဲ့ ပြောရရင် သမ္မတ အိုဘားမားအစိုးရအဖွဲ့က ၂၀၁၄ ခုနှစ်က အာဏာသိမ်းမှုကြောင့် ထိုင်းနိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့ပေမယ့် ဗီယက်နမ်အစိုးရနဲ့ ဆက်ဆံရေးကိုတော့ သိသိသာသာတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တာပါ။ ဗီယက်နမ်အစိုးရဟာ အာရှဒေသအတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုအများဆုံး အစိုးရအဖွဲ့တွေထဲက တစ်ခုပါ။ စိတ်ဝင်စားစရာကောင်းတဲ့အချက်ကတော့ ဗီယက်နမ်အစိုးရဟာ တောင်တရုတ်ပင်လယ်အတွင်း တရုတ်အစိုးရရဲ့လုပ်ရပ်တွေကို အပြင်းထန်ဆုံးဝေဖန်တဲ့အစိုးရ ဖြစ်နေတာပါ။

ဗီယက်နမ်နိုင်ငံမှာရှိတဲ့ လူ့အခွင့်အရေးအုပ်စုတွေက သမ္မတ အိုဘားမားကို စီးပွားရေးနဲ့ ပထဝီနိုင်ငံရေးအကျိုးစီးပွားတွေထက် လူ့အခွင့်အရေးကိစ္စအပေါ် ပိုဦးစားမပေးတဲ့အတွက် ဝေဖန်သလို သမ္မတ ဒေါ်နယ်ထရန့်ကိုလည်း အလားတူဝေဖန်ကြတာပါ။ ဘယ်လိုဝေဖန်မှုတွေရှိရှိ သမ္မတ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့က ဗီယက်နမ်နိုင်ငံနဲ့ ခိုင်မာကောင်းမွန်တဲ့ ဆက်ဆံရေးကို ဆက်ဆုပ်ကိုင်တည်ဆောက်ခဲ့ပါတယ်။ ရှင်သန်သက်ဝင်ခဲ့ရင် ဗီယက်နမ်နိုင်ငံရဲ့ အကျိုးစီးပွားကို အကြီးအကျယ်မြှင့်တင်ပေးနိုင်မယ့် ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TPP) ကို သမ္မတ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့က ဖျက်သိမ်းခဲ့ပေမယ့် ဗီယက်နမ်ဝန်ကြီးချုပ်က အိမ်ဖြူတော်ကို လာရောက်လည်ပတ်ခဲ့ပါတယ်။ ဒီခရီးစဉ်က ဗီယက်နမ်နိုင်ငံဟာ ဒေသတွင်းမှာ အမေရိကန်နိုင်ငံရဲ့ အတက်ကြွဆုံး မဟာမိတ်နိုင်ငံဖြစ်နေတာကို လှစ်ဟပြနေပါတယ်။ ဗီယက်နမ်ဝန်ကြီးချုပ်ရဲ့ ဒီခရီးစဉ်အတွင်း ဒေါ်လာဘီလီယံနဲ့ချီတဲ့ ကုန်သွယ်ရေးသဘောတူညီချက်တွေ ချုပ်ဆိုခဲ့ပါတယ်။ ဒီကုန်သွယ်ရေးသဘောတူညီချက်တွေက နှစ်နိုင်ငံကုန်သွယ်ရေးမှာ အကြီးအကျယ်အသာရနေတဲ့ ဗီယက်နမ်နိုင်ငံရဲ့ ကုန်သွယ်ရေးပိုငွေတွေ လျော့ပါးရေးကို ပံ့ပိုးပေးမယ်လို့ ဆိုပါတယ်။ ဗီယက်နမ်ဝန်ကြီးချုပ်ရဲ့ ဒီခရီးစဉ်အတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီဆိုတာတွေကို သမ္မတ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့က လေးလေးနက်နက် ပြောခဲ့ဆိုခဲ့တာတွေ မရှိပါဘူး။

ဒီအချက်တွေအားလုံးက သမ္မတ ဒေါ်နယ်ထရန့် အစိုးရအဖွဲ့က အာရှဒေသနဲ့ ဆက်ဆံရာမှာ အားလုံးကို ဆက်စပ်လွှမ်းခြုံသလို ပီပြင်ပြတ်သားတဲ့ မူဝါဒဘောင်တစ်ခု ရှိနေပြီဆိုတာမျိုးကိုတော့ ရည်ညွှန်းမနေပါဘူး။ သံတမန်ရေးအသိုင်းအဝိုင်းမှာ ထဲထဲဝင်ဝင်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အဆိုအရ အရှေ့တောင်အာရှ နိုင်ငံတွေက သံတမန်တွေဟာ စီးပွားရေးကိစ္စ၊ မဟာဗျူဟာကိစ္စတွေ ဆွေးနွေးချင်တဲ့အခါ ဝါရှင်တန်မှာ ဘယ်ပုဂ္ဂိုလ်ကို တွေ့ရမလဲဆိုတာက မရေမရာဖြစ်ပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေပါတယ်။ ပြောရရင် အရှေ့တောင်အာရှဒေသဟာ သမ္မတ အိုဘားမားက အာရှဗဟိုပြုမူဝါဒ ကြေညာခဲ့တဲ့ ၂၀၁၁ ခုနှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် သိသိသာသာပြောင်းလဲသွားပါပြီ။ ဒီဒေသတစ်ခုလုံးဟာ စီးပွားရေးအရ ပံ့ပိုးမှုတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရဖို့ တရုတ်နိုင်ငံဘက်ကို သိသိသာသာ ယိမ်းနေပါပြီ။ အရှေ့တောင်အာရှဒေသနဲ့ ဆက်ဆံရာမှာ လက်တွေ့ကျကျ ကိုင်တွယ်သွားမယ်ဆိုတဲ့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့မူဝါဒဟာ အမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖန်တီးပေးနိုင်ပါက (ဒါမှမဟုတ်) ဒီဒေသကို တရုတ်နိုင်ငံရဲ့ ဩဇာအောက် ပိုရောက်သွားအောင် တွန်းပို့မလားဆိုတာကတော့ အချိန်ကပဲ အဆုံးအဖြတ်ပေးသွားမှာပါ။ ။



## ပဲခူးအကျဉ်းထောင်အား ကျိုက်ဇကောသို့ပြောင်းရွှေ့

**ဘုရားကြီး ဩဂုတ် ၂၀**

ပဲခူးမြို့ လိပ်ပြာကန်ရပ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနအကျဉ်းထောင်အား ပဲခူးမြို့နယ် ကျိုက်ဇကောအကျဉ်းထောင်သို့ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ထောင်ကျအကျဉ်းသားများအား ပဲခူးမြို့နယ် ကျိုက်ဇကောအကျဉ်းထောင်တွင် ထားရှိတော့မည်ဖြစ်ပြီး ယခင်ပဲခူးအကျဉ်းထောင်တွင် တရားရင်ဆိုင်နေသောအမှုဖြင့် အချုပ်တရားခံများကိုသာ ထားရှိတော့မည်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျခံသူများအား ကျိုက်ဇကောအကျဉ်းထောင်သို့ ပို့ဆောင်တော့မည်ဖြစ်ကြောင်းနှင့် အချုပ်တရားခံများထားရှိစဉ် အကျဉ်းဦးစီးဌာနမှ ဆက်လက်ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပဲခူးအကျဉ်းထောင်မှ ကျိုက်ဇကောအကျဉ်းထောင်သို့ ပြစ်ဒဏ်ကျအကျဉ်းသားများ ပြောင်းရွှေ့ပို့ဆောင်မှုကို ပဲခူးခရိုင်ရဲတပ်ဖွဲ့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်တိုင်ဦးစီး၍ လုံလောက်သောလုံခြုံရေးအစီအမံများဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဇော်ရှင်း(ကမ္ဘောဇသာဒီ)**

အပင်တစ်သန်း
လူတစ်သန်း
စိုက်လိုက်ကြစမ်း
ပြည်အဝှမ်း
စိမ်းလန်းစိုပြည်
ဒို့မြန်ပြည်
လေပူကအေး
ရေကဖွေး

# နိုင်ငံ့ဘဏ္ဍာတိုးတက်ရရှိရေးနှင့် အခွန်ထမ်းပြည်သူတို့၏ အခန်းကဏ္ဍ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

ယနေ့ နိုင်ငံတော်တွင် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်မှာ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပြီး စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်နှင့်အညီ စီးပွားရေးလုပ်ငန်းများကို အစိုးရတစ်ရပ်တည်းက လက်ဝါးကြီးအုပ်ချုပ်ကိုင်ကာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ အစုအစပ်လုပ်ငန်းများနှင့် ပြည်သူကိုသာ ဦးစားပေးသည့် တစ်ပိုင်တစ်နိုင် အသေးစားစက်မှုလက်မှု စီးပွားရေးလုပ်ငန်းများကိုသာ ဦးစားပေးလုပ်ကိုင်စေလျက်ရှိသည်ကိုလည်း အားလုံးသိပြီး ဖြစ်ကြပေမည်။ သည့်အတွက် ဒီမိုကရေစီအစိုးရတို့၏ သဘောသဘာဝအရ အစိုးရတစ်ရပ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ကြီးကြီးမားမားရှိမနေကြဘဲ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအတွက် ပြည်သူများထံက ကောက်ခံရရှိသည့် အခွန်အခများဖြင့်သာ ရပ်တည်ကြရသည်။ အဆိုပါအခွန်အခများဖြင့်သာ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးလုပ်ငန်း အဝဝကအစ ကာကွယ်ရေးကိစ္စများ အဆုံး၊ နိုင်ငံ့ဝန်ထမ်းများ လစာစရိတ်၊ ပင်စင်ငွေများ ပေးအပ်ရေးများ အားလုံးလိုလိုကို ထိုအထဲမှပင် ထုတ်နုတ်သုံးစွဲကြရသည်။လက်ရှိနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင် (LDC) နိုင်ငံဖြစ်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုလည်း ဖြစ်နေလေသည်။

**နှစ်စဉ်ဘတ်ဂျက်ရေးဆွဲကြရ**

ပြည်သူများထံမှကောက်ခံရရှိသည့် အခွန်အခများ၊ နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများမှရရှိသည့် အကျိုးအမြတ်များ၊ ပြည်ပမှရရှိသည့် ချေးငွေနှင့် လှူဒါန်းငွေများ သုံးစွဲကြရာတွင်လည်း ထင်ရာစိုင်းပြီး သုံးစွဲကြရခြင်းမျိုး မဟုတ်ဘဲ ဥပဒေများရေးဆွဲပြီး သူ့ကဏ္ဍနှင့်သူ သုံးစွဲကြရခြင်းသာ ဖြစ်သည်။ ထိုဥပဒေကိုလည်း ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကပင်လျှင် ဆွေးနွေးအတည်ပြုပေးကြရပြန်သည်။ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းပြီးမှသာ သတ်မှတ်ကာလအတွင်းတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းက သုံးစွဲကြရသည်ကို ပြောလိုရင်းဖြစ်သည်။ ထိုသို့ သုံးစွဲနိုင်ကြရေးအတွက်လည်း နှစ်စဉ်ဝင်ငွေက ဘယ်လောက်ရှိမည်၊ ဘယ်မျှရမည်ဆိုသည်ကို ကြိုတင်မြော်တွေးပြီး ခန့်မှန်းတွက်ချက်ကြရသကဲ့သို့ ရရှိသည့်ငွေများကိုလည်း မည်သည့်နေရာများတွင် မည်မျှသုံးစွဲမည်ကိုလည်း လျာထားတွက်ချက်ကြရသည်။ ထိုအတိုင်းပင် ဥပဒေအတွင်း ထည့်သွင်းရေးဆွဲကြရခြင်းဖြစ်သည်။ ၎င်းကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ဘဏ္ဍာရေးနှစ် အရ-အသုံးဆိုင်ရာ ဥပဒေဟုခေါ်သည်။ ထိုဥပဒေကို အစိုးရတစ်ရပ်အနေဖြင့် နှစ်စဉ်ရေးဆွဲပြဋ္ဌာန်းပြီး ထိုအတိုင်းပင် သုံးစွဲကြရသည်။

**ဘဏ္ဍာငွေများ မည်သည့်နေရာကရ**

နိုင်ငံတော်ကြီးတစ်ခုလုံးအတွက် နှစ်စဉ်တည်ဆောက်ပေးကြရသည့် လမ်းတံတားများ၊ စက်ရုံအလုပ်ရုံစီမံကိန်းကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များ၊ နိုင်ငံ့ဝန်ထမ်းများအတွက် လစာ၊ စရိတ်၊ ပင်စင်များနှင့် အခြားကယ်ဆယ်ရေး၊ တည်ဆောက်ရေးဆိုင်ရာ သုံးစွဲစရာရှိသည့်ငွေများကို မည်သည့်နေရာကရကြသနည်း။ ထိုမေးခွန်းအတွက်အဖြေမှာ လက်ရှိပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံရရှိနေသော အခွန်ကောက်ခံရရှိငွေများမှာ ဝင်ငွေခွန် ၄၄ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၃၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန် ၁၉ ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန် ၁ ရာခိုင်နှုန်းနှင့် အောင်ဘာလေထီမှ ၁ ရာခိုင်နှုန်းတို့သာ ရရှိနေကြောင်း အဆိုပါဌာန၏စာရင်းများအရ သိရသည်။ ထိုငွေများကို ပြည်သူများထံကပင် ကောက်ခံရရှိကြရသည်ဟု ဖြေရမည်ဖြစ်ပါသည်။ အခြားသော ဝင်ငွေရရှိမှုမှာ နိုင်ငံတော်ပိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ သတ္တုသယံဇာတတူးဖော်ရောင်းချသည့်လုပ်ငန်းနှင့် အချို့ကဏ္ဍများကရပြီး အချို့မှာ နိုင်ငံတကာမှ ချေးငွေများက ရရှိခြင်းဖြစ်သည်။

**ပြည်သူများထံမှ ဘယ်လိုရရှိ ကောက်ခံသလဲ**

ပြည်သူများထံမှ နိုင်ငံ့ဘဏ္ဍာငွေများကို ကောက်ခံရာတွင် အစိုးရကသူတို့ထင်သလို ကောက်ခွင့်မရှိ၊ ဥပဒေအတိုင်းသာ ကောက်ခံရသည်။ ထို့အတွက် နှစ်စဉ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ဥပဒေတို့ကို ရေးဆွဲကာ နှုန်းထားများသတ်မှတ်ပြီး ကောက်ခံရသည်။ ထိုသို့ ကောက်ခံရာတွင် ယနေ့လက်ရှိ အခြေအနေအရ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ပြည်သူများထံမှ ကောက်ခံရရှိငွေသည် အနည်းဆုံးစာရင်းတွင် ပါဝင်နေခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း အကြောင်းများစွာ ရှိပါသည်။

**ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များ၏ အားနည်းချက်ကြောင့်လား**

ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကို လေ့လာကြည့်လျှင် အပိုင်းသုံးပိုင်း ပါဝင်သည်။ ပထမတစ်ခုက အထူးကုန်စည်ခွန်ကောက်ခံခြင်းဆိုင်ရာ၊ ဒုတိယမှာ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းဆိုင်ရာနှင့် တတိယမှာ ဝင်ငွေခွန်ကောက်ခံခြင်းဆိုင်ရာများအတွက် နှုန်းထားနှင့် အမျိုးအမည်များပါဝင်ပါသည်။ ထို့ပြင် တစ်နှစ်တာအတွက် ရနိုင်မည့် လျာထားကောက်ခံရရှိမည့် ပမာဏလည်း ပါဝင်သည်ကို တွေ့ရသည်။ အဆိုပါဥပဒေကို လေ့လာကြည့်လျှင် အခွန်ကောက်ခံသည့်နယ်ပယ် (Tax Base)မှာ ကျဉ်းမြောင်းပြီး အခွန်ကောက်ခံသည့်နှုန်းထား (Tax Range)မှာမူ သင့်တင့်စွာ တွေ့ရကြောင်း အခွန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆိုထားသည်ကိုကြားခဲ့ရဖူးသည်။ ဆိုလိုသည်မှာ ကောက်ခံသည့် အခွန်အမျိုးအမည်နှင့် အကြောင်းအရာက နည်းပါးနေသယောင်ထင်ရပြီး ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုထားသည့် အမယ်များနှင့် အကြောင်းအရာများက များလွန်းနေသည်ဟု အချို့ကလည်း ဆိုနေခဲ့ကြခြင်းဖြစ်သည်။

**အခွန်နယ်ပယ်ကို ချဲ့ထွင်ခြင်းနှင့် အခွန်နှုန်းထားကို လျှော့ချကောက်ခံခြင်းဆိုတာ ဘာလဲ**

ဤဆောင်းပါးတွင် အဓိကတင်ပြလိုသည့်အချက်မှာလည်း အထက်ပါ အချက်နှစ်ချက်အကြောင်းပင်ဖြစ်သည်။ ပထမဦးစွာ ဒီမိုကရေစီအစိုးရတို့ပီပီ တိုင်းပြည်အတွင်း ပြည်သူများ(စီးပွားရေးလုပ်ငန်းရှင်များအပါ)ထံမှ ကောက်ခံရရှိသည့် အခွန်အခငွေများကိုသာ အများအားဖြင့် မှီခိုအားထားနေကြသည်ဖြစ်ရာ မိမိတို့ကောက်ခံကြရမည့် အခွန်များကိုလည်း တိုးတက်ရရှိရန် အထူးအစီအမံများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကောက်ခံမည့် အခွန်အမျိုးအစားများ များများစားစားတိုးချဲ့ကောက်ခံပြီး အခွန်းနှုန်းထားကို လျှော့ချနိုင်သလောက် လျှော့ချပေးခြင်းများ ဆောင်ရွက်ရန် ပြောလိုရင်းဖြစ်သည်။ ထိုအပေါ်တွင်လည်း ပြည်သူများပါဝင်လာစေရန် ကြိုးပမ်းအားထုတ်ကြရမည်။ ပြည်သူများအတွင်း အခွန်ယဉ်ကျေးမှု (Taxation Culture)နှင့် ယဉ်ပါးထိတွေ့လာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၃၈၉) အရ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်သိစိတ်ဖြင့် လိုလိုချင်ချင်ပေးချင်လာအောင် အသိပညာပေးနှိုးဆော်စည်းရုံးကြရမည်။ ကင်းလွတ်ခွင့်ပေးသော အခွန်ကင်းလွတ်ခွင့်များနှင့် များစွာကွာခြားမှုရှိသည်ဟုဆိုသည်။ တရုတ်နိုင်ငံ၏ အခွန်ကင်းလွတ်ခွင့်များသည် အစိုးရကဖွံ့ဖြိုးစေလိုသော ဒေသများသို့သာပေးပြီး အခြေခံအဆောက်အအုံစီမံကိန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ နည်းပညာမြင့် စီးပွားရေးလုပ်ငန်းများသာ ပါဝင်သည်ကို တွေ့ရသည်။ ယင်းနိုင်ငံအနေဖြင့် ပုံမှန်ကင်းလွတ်ခွင့်မျိုးမပေးဘဲ ကာလတိုပေးခြင်းနှင့် အခွန်နှုန်းလျှော့ချခြင်းများကို ပေါင်းစပ်ပေးလေ့ရှိသည်ဟုဆိုသည်။

**အခွန်ကောက်ဝန်ထမ်းတို့အတွက် စိန်ခေါ်မှုများ**

အခွန်ကောက်ခံရန်အတွက် ကုန်ကျစရိတ်ရရှိမှုနည်းပါးခြင်းနှင့် သွားရေးလာရေးကိစ္စများ ထောက်ပံ့မှုနည်းပါးနေခြင်းများ၊ အဂတိလိုက်စားမှုများ ရှိနေသေးခြင်း၊ အခွန်ဥပဒေများခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲရန်၊ အသစ်ရေးဆွဲရန် လိုနေခြင်း၊ ဌာနတွင်းစွမ်းဆောင်ရည်နှင့် အရည်အချင်းမြှင့်တင်ရန် လိုအပ်နေသေးခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုရန်လိုအပ်ခြင်း၊ အခွန်ကင်းလွတ်ခွင့်ပြုခြင်းများကြောင့် အခွန်တိုးမြှင့်ကောက်ခံရေးလုပ်ငန်းများကို ခက်ခဲစေခြင်း၊ အခွန်ရှောင်နေသူများ ရှိနေခြင်း၊ နယ်စပ်ဂိတ်ပေါက်များမှ တရားမဝင်ကုန်စီးဆင်းမှုများနေခြင်း စသည့်အကြောင်းအရာတို့ကို အကြမ်းဖျင်းအားဖြင့် မြင်တွေ့ရနိုင်သည်။

**အခွန်တိုးမြှင့်ရရှိအောင် နိုင်ငံ့ဘဏ္ဍာ တို့ဘယ်လို တိုးရှာကြမလဲ**

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖို့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်းနှင့်အတူ အခွန်ငွေများဖြင့် ရပ်တည်နိုင်ရေးအတွက်ဆိုလျှင် အခွန်ငွေများ တိုးတက်ရရှိရန် အထူးလိုအပ်လာပါသည်။ သို့အတွက်ဆိုလျှင် အခွန်ဝန်ထမ်းများ အရည်အသွေးနှင့် အဂတိကင်းရှင်းလာစေရန် ရင်းနှီးမြှုပ်နှံမှုများ များများပြုလုပ်ခြင်း၊ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ပြန်လည်စဉ်းစား သုံးသပ်ကြခြင်း၊ အခွန်နယ်ပယ်ကို ချဲ့ထွင်ခြင်း၊ အခွန်နှုန်းထားကို လျှော့ချခြင်း၊ အခွန်ထမ်းပြည်သူများကို ပညာပေးစည်းရုံးမှု များများပြုလုပ်ခြင်း၊ အခွန်ဥပဒေများကို ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် အမြဲတမ်းပြုပြင်ပြောင်းလဲပြဋ္ဌာန်းကောက်ခံခြင်း၊ အသစ်လိုအပ်သည့် အခွန်ဥပဒေသစ်များ ရေးဆွဲခြင်း၊ ဌာနတွင်း စာရင်းစစ်များ ခန့်အပ်စစ်ဆေးစေခြင်းနှင့် အခွန်ဝန်ထမ်းများအတွက် လူ့စွမ်းအားအရင်းအမြစ်တို့ ထိန်းသိမ်းခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်သွားရန် အထူးပင် လိုအပ်လျက်ရှိလာပါကြောင်း ဆွေးနွေးပွဲတစ်ခုမှ ကြားနာမှတ်သားခဲ့ရသည့် အခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များကို အခြေခံကာ မိမိနိုင်ငံကောင်းကျိုးအတွက် စိတ်ကောင်းစေတနာဖြင့် အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**အခွန်အကောက်ဥပဒေထဲမှာ ဘာတွေပါသလဲ**

အဆိုပါ ဥပဒေကို အသေအချာလေ့လာကြည့်လျှင် အထက်အပိုဒ်တွင် တင်ပြခဲ့သည့်ဆိုလိုရင်းများကို မြင်တွေ့ရနိုင်မည်ဖြစ်သည်။ ပထမတစ်ချက်ဖြစ်သည့် အထူးကုန်စည်ခွန်အပိုင်းကိုလေ့လာကြည့်လျှင် ကုန်စည် ၁၇ မျိုးကို အထူးသတ်မှတ်ထားသည့် အခွန်နှုန်းများဖြင့် ကောက်ခံခဲ့သည်ကို တွေ့ရသည်။ ယခုအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် တစ်မယ်ပြီးတစ်မယ် ထိုစာရင်းမှ လျော့ကျလျက်ရှိနေသည်ဟု ကြားရသည်။ ကုန်သွယ်လုပ်ငန်းခွန်တွင် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်ပစ္စည်း ၈၇ မျိုး တွေ့ရပြီး ဝန်ဆောင်မှု ၂၉ မျိုးလည်း ပါဝင်သည်။ ထို့ပြင် ဝင်ငွေခွန်ကောက်ခံခြင်းအပိုင်းတွင်လည်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခွင့်ပြုပေးထားပြန်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ အခွန်ကင်းလွတ်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ချင့်ချိန်ဆောင်ရွက်တတ်ရန် အထူးအရေးကြီးလာသည်ကို တွေ့ရသည်။ အခွန်ကောက်ခံမှုနယ်ပယ် (Tax. Base)ကို ချဲ့ထွင်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။ အခွန်ကင်းလွတ်ခွင့်ပြုခြင်းများကြောင့် အခွန်တိုးမြှင့် ကောက်ခံရေးလုပ်ငန်းများကို ခက်ခဲစေသည့်အပြင် အခွန်များ သိသာစွာ ဆုံးရှုံးရတတ်သည်ကို သတိချပ်ကြရမည်ဖြစ်သည်။

**တရုတ်နိုင်ငံက အခွန်ကင်းလွတ်ခွင့် ဘယ်လိုပေးသလဲ**

တရုတ်နိုင်ငံတွင် အခွန်ကင်းလွတ်ခွင့်များကို ကျယ်ပြန့်စွာပေးအပ်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ပေးနေ

**ပြည်သူများထံမှ နိုင်ငံ့ဘဏ္ဍာငွေများကို ကောက်ခံရာတွင် အစိုးရက သူတို့ထင်သလို ကောက်ခွင့်မရှိ၊ ဥပဒေအတိုင်းသာ ကောက်ခံရသည်။ ထို့အတွက် နှစ်စဉ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ဥပဒေတို့ကို ရေးဆွဲကာ နှုန်းထားများသတ်မှတ်ပြီး ကောက်ခံရသည်။ ထိုသို့ ကောက်ခံရာတွင် ယနေ့လက်ရှိ အခြေအနေအရ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ပြည်သူများထံမှ ကောက်ခံရရှိငွေသည် အနည်းဆုံးစာရင်းတွင်ပါဝင်။**

# ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းနေသည့် ဒေါ်လာငါးမုတ်ငါး

**ဖျာပုံ ဩဂုတ် ၂၀**

ငါးမုတ်ငါးများ၏ အဓိကဈေးကွက်သည် တရုတ်၊ စင်ကာပူ၊ အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ဖြစ်ပြီး ယခင်ကထက် မြန်မာ့ပင်လယ်ပြင်တွင် ငါးများအမိအရနည်းသွားသော်လည်း ပြည်ပဈေးကွက်များတွင် ဈေးကောင်းရရှိနေ၍ ဖမ်းဆီးသူနှင့်ရောင်းဝယ်သူတို့ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဩဂုတ်၂၀ ရက်က ဖျာပုံဈေးကွက်တွင် ငါးတစ်ကောင်လျှင် ဂရမ် ၄၀၀ အထက် ငါးတစ်ပိဿာ ငွေကျပ် ၄၀၀၀၀ ပေးဝယ်လျက်ရှိသည်။ ဂရမ် ၄၀၀ သည် မြန်မာအလေးချိန်ဖြင့် ၂၅ ကျပ်သားခန့်ရှိရာ ငါးမုတ်ငါး ၂၅ ကျပ်သားတစ်ကောင်သည် ငွေတစ်သောင်းကျပ် ဈေးရှိကြောင်း သိရသည်။

မိုးတွင်းကာလဇူလိုင်လနှင့် ဩဂုတ်လများတွင် ငါးမုတ်ငါးများအမိအရကောင်းပြီး ပြည်ပနိုင်ငံများတွင်လည်း ရောင်းလိုအားထက် ဝယ်လိုအားကောင်းလျက်ရှိသည်ဟု ရေလုပ်ငန်းရှင်များထံက သိရသည်။

ယခုရက်ပိုင်း ငါးမုတ်များအတက်များ၍ ညနေပိုင်းတွင် ပလတ်စတစ်ပုံး တစ်ပုံးလျှင် ငါးပိဿာချိန် ၇၀ ခန့် ထည့်သွင်းပြီး ကုန်တင်ယာဉ်ကြီးများဖြင့် ရန်ကုန်သို့ တင်ပို့လျက်ရှိရာ ဖျာပုံမြို့မှ ငါးပိဿာချိန် ငါးသောင်း ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။ ငါးမုတ်ငါးကို ဝယ်ယူရာတွင် ထိခိုက်ဒဏ်ရာရထားသည့်ငါးများကို ပြည်ပမှဝယ်ယူခြင်းမပြုသဖြင့် ပြည်တွင်းစားသုံးသူဈေးကွက်တွင် ဈေးလျှော့၍ ရောင်းချရကြောင်း ရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် ပြည်ပဝင်ငွေများရှာပေးရာတွင် တတိယအဆင့်တွင်ရှိနေပြီး ဝန်ကြီးဌာန၏ ထုတ်ပြန်သည့်စာရင်းအရ ဧပြီလမှ ဇူလိုင်လအထိ ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၇၀ ရရှိထားကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မြန်မာအားကစားအသင်းများ ဆက်လက်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၀**
(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ရန် ကရာတေးဒိုအသင်း အုပ်ချုပ်သူ မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ကျော်မိုး၊ နည်းပြလေးဦး၊ ကစားသမား ၁၇ ဦးနှင့် အောင်နိုင်ရေးအတွက် အားပေးရန် အဖွဲ့ချုပ်အမှုဆောင် ငါးဦးတို့သည်လည်းကောင်း၊ ဘိလိယက်နှင့် စနူကာအသင်းအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ အသင်းအုပ်ချုပ်သူ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်အေး၊ နည်းပြသုံးဦး၊ ကစားသမား ၁၂ ဦးတို့သည်လည်းကောင်း၊ မြန်မာပြေးခုန်ပစ်အသင်း အုပ်ချုပ်သူ အဖွဲ့ချုပ်နည်းပြ ဦးအောင်နိုင်ဝင်း၊ အားကစားသမား ၁၂ ဦးတို့သည်လည်းကောင်း ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မလေးရှားနိုင်ငံသို့ အသီးသီးထွက်ခွာသွားကြသည်။

ကရာတေးဒိုပြိုင်ပွဲများကို ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာကရာတေးဒိုအသင်းအနေဖြင့် Event ၁၅ မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ခတအမျိုးသားတစ်ဦးချင်း၊ ခတအမျိုးသားအသင်းလိုက်ပြိုင်ပွဲများ၊ ခတအမျိုးသမီးတစ်ဦးချင်းနှင့် ခတအမျိုးသမီးအသင်းလိုက်ပြိုင်ပွဲများ၊ ကုမိတဲ့အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲများ၊ ကုမိတဲ့အမျိုးသမီးတစ်ဦးချင်းနှင့်အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲများကို မြန်မာအသင်းအနေဖြင့် ဘိလိယက်တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ (9)Bell တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ (9)Bell အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဘိလိယက်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၀**
(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်သော မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းသည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မိဘများနှင့် ဂေါက်သီးအားကစားဝါသနာရှင်များက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းအသင်းတွင် အသင်းခေါင်းဆောင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ အမျိုးသားအသင်းအုပ်ချုပ်သူ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးစိုးသန်း၊ အားကစားသမားများဖြစ်ကြသည့် ဟိန်းစည်သူ၊ ကျော်သက်ဦး၊ လှိုင်မင်းထက်၊ ဇင်အောင်မင်း၊ အမျိုးသမီးအသင်းအုပ်ချုပ်သူ ဗဟိုအလုပ်အမှုဆောင် ရဲမှူးကြီးကျော်ထွေး၊ အားကစားသမားများဖြစ်ကြသည့် ဖူးပွင့်ရတီခိုင်၊ သင်းဝေခိုင်၊ ဧကရီဝင်းထွန်းတို့ လိုက်ပါသွားကြသည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၀**
အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၄၁) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ညီလာခံ (41st World Scout Conference) တွင် မြန်မာနိုင်ငံအား (၁၆၄)နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့သော မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့မွန်းလွဲပိုင်းက ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ အမျိုးသားကင်းထောက်အဖွဲ့ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်များက ပန်းစည်းများဆက်၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းကမ္ဘာ့ ကင်းထောက်အဖွဲ့ချုပ်ညီလာခံတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ မှ ကင်းထောက်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံကိုးနိုင်ငံမှ ကင်းထောက်အဖွဲ့ချုပ်ခေါင်းဆောင်များကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုလွှာနှင့် ကမ္ဘာ့ကင်းထောက်အလံတို့ကို ပေးအပ်ခဲ့သည်။

ယင်းကမ္ဘာ့ကင်းထောက် အဖွဲ့ချုပ်ညီလာခံတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် အဖွဲ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Joao Armando Goncalves နှင့် အထွေထွေအတွင်းရေးမှူး Mr.Ahmad Alhen Dawai၊ တောင်ကိုရီးယားနိုင်ငံ ကင်းထောက်ချုပ် (ယခင်ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်) မစ္စတာဘန်ကီမွန်းနှင့် အခြားနိုင်ငံများမှ ကင်းထောက်ချုပ်များအား တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် ကင်းထောက်လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၀**
ဗြိတိန်နိုင်ငံတွင် ဩဂုတ် ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကင်းထောက် (WS 2017 International Camp) စခန်း တက်ရောက်ခဲ့ကြသည့် မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီး သင်တန်းလေ့ကျင့်ရေးမှူး (Trainning Commissioner) ဆရာမဒေါ်မြတ်သဉ္ဇာထွန်း ခေါင်းဆောင်သည့် အခြေခံပညာအထက်တန်းကျောင်းများမှ နဝမတန်းကျောင်းသူများဖြစ်သည့် အထက(၂) ကမာရွတ်မှ မဆွေမာလင်းထွန်းကို၊ အထက(၂) ဗဟန်းမှ မမိုးသက်နွယ်ကျော်၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မသဇင်လင်းနှင့် မရွှန်းလဲ့လဲ့ဝင်းတို့သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများက ကြိုဆိုကြသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကင်းထောက်စခန်းသို့ နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ကင်းထောက်အမျိုးသမီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံပွဲကျင်းပ

**မင်းတပ် ဩဂုတ် ၂၀**
ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ ချင်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးအောင်သန်းနှင့် ခရိုင်/မြို့နယ် လုပ်ငန်းတည်ဆောက်ရေး/လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က မင်းတပ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဖွေးဦးစွာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ ပြည်နယ်ဘဏ္ဍာငွေ၊ ငွေလုံး/ငွေရင်းဖြင့် လုပ်ငန်းဆောင်ရွက်သောဌာနဆိုင်ရာများက လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များကို အသေးစိတ်မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ အကောင်းဆုံးဝတ်စားဆင်ယင်မှုနှင့် ဖျော်ဖြေတင်ဆက်မှုအသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခံရ

**ရန်ကုန် ဩဂုတ် ၂၀**
နိုင်ငံတကာမှ ကင်းထောက်လှုပ်ရှားမှုများကိုလေ့လာသင်ယူပြီး မိမိနိုင်ငံတွင် ပြန်လည်ဝေမျှသင်ကြားပို့ချပေးရန် ရည်ရွယ်၍ နိုင်ငံတကာကင်းထောက်အမျိုးသမီးအဖွဲ့အစည်းများ၏ ဖိတ်ကြားချက်အရ အင်္ဂလန်နိုင်ငံ West Sussex မြို့ Showground Ardingly နေရာတွင် ဩဂုတ် ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် WS 2017 Event သို့တက်ရောက်ခဲ့သော မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့(Myanmar Girl Guides)မှာ အကောင်းဆုံးဝတ်စားဆင်ယင်မှုနှင့် ဖျော်ဖြေတင်ဆက်မှုကို အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်ခံရကြောင်း သိရသည်။

အဆိုပါ WS 2017 Event ၌ နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ကင်းထောက်ဦးရေ ၃၅၀၀ ခန့်တက်ရောက်ခဲ့ကြပြီး နိုင်ငံအသီးသီးမှ ရိုးရာဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာ Camp ၌ ရေနှင့်ပတ်သက်သည့် အားကစားများ၊ တောင်တက်တောင်ဆင်းလှုပ်ရှားမှုများ၊ မြားပစ်အားကစားလှုပ်ရှားမှုများ၊ စွန့်စားလှုပ်ရှားမှုများ၊ ရိုးရာဝတ်စုံအကဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ လက်မှုတီထွင်မှုများ၊ နိုင်ငံအလိုက်ရိုးရာယဉ်ကျေးမှုပြောဆိုစကားများ၊ ရိုးရာဂီတဖျော်ဖြေတင်ဆက်မှုများကို နိုင်ငံအလိုက် ကင်းထောက်အမျိုးသမီးအဖွဲ့အစည်းများက ပါဝင်ပြသခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့မှ Training Commissioner ဒေါ်မြတ်သဉ္ဇာထွန်းက "မြန်မာနိုင်ငံက ကင်းထောက်အမျိုးသမီးအဖွဲ့ကို နိုင်ငံတကာက ကြိုဆိုကြပါတယ်။ ကလေးတွေပျော်အောင်လို့ဆိုပြီး ဟယ်ရီပေါ်တာ Team ပြုလုပ်ပြီး ကလေးတွေပျော်အောင်လည်း ဆောင်ရွက်ပေးကြပါတယ်။ ကလေးတွေကလည်း စိန်ခေါ်မှုတစ်ရပ်ပြုလုပ်တဲ့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြသကြပါတယ်။ ကင်းထောက်ဆိုတာကတော့ အဓိကကိုယ့်နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့နဲ့ ကင်းထောက်အမျိုးသမီးများဟာမည်သူ့ကိုမဆို ကူညီရိုင်းပင်းတတ်ကြရပါမယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ကတော့ ပုဂံအကနဲ့ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။ ရာသီဥတုအခြေအနေမတူတော့ ကလေးတွေ ပင်ပန်းခဲ့ကြပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ဝင် မဆွေမာလင်းထွန်းကိုက "အပြည်ပြည်ဆိုင်ရာ Camp မှာ ခုလိုနိုင်ငံတကာက ကင်းထောက်အမျိုးသမီးအဖွဲ့အစည်းတွေနဲ့တွေ့ရတော့ အလွန်ဂုဏ်ယူမိပါတယ်။ သမီးတို့ကင်းထောက်တွေက ကိုယ့်ဘာသာကိုယ်တဲထိုးပြီး ထမင်း၊ ဟင်း ချက်ပြုတ်စားသောက်ကြရပါတယ်။ အချိန်နဲ့ အိပ်ရာထကြရတော့ အမြဲတမ်းဝီရိယရှိရမယ်ဆိုတဲ့ အသိစိတ်ကိုမွေးနိုင်ခဲ့ပါတယ်။ ပြီးတော့အင်္ဂလန်နိုင်ငံကို မသွားခင်မှာ မြန်မာနိုင်ငံကဆရာတွေက အားကစားပညာကို ပို့ချပေးခဲ့လို့ အဆင်ပြေလွယ်ကူခဲ့ရပါတယ်။ သမီးတို့အဖွဲ့ကလည်း ရိုးရာပုဂံအက၊ ကရင်ရိုးရာအကနဲ့ ဖျော်ဖြေတင်ဆက်ခဲ့လို့ အကောင်းဆုံးဝတ်စားဆင်ယင်မှုနဲ့ ဖျော်ဖြေတင်ဆက်မှုကို နိုင်ငံတကာရဲ့ အသိအမှတ်ပြုချီးမြှင့်ခြင်းခံရပါတယ်"ဟု ပီတိစကားဆိုသည်။

လက်ရှိအနေအထားအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ဝင် သုံးသောင်းနီးပါးရှိကာ အခြေခံပညာကျောင်းများ၊ ပြင်ပကျောင်းများနှင့် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့မှာ အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နီပေါနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများရှိ ကင်းထောက်အတွေ့အကြုံများကို သွားရောက်လေ့လာခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ဩဂုတ် ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် WS 2017 Event သို့တက်ရောက်ခဲ့သော မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့မှာ ဩဂုတ် ၁၈ ရက် ညပိုင်းက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**(ပွင့်သစ္စာ)**

## ● ပုလဲရောင်းချပွဲမှ

ပုလဲအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူရန် ရွေးချယ်နေမှု အခြေအနေများကို ကြည့်ရှုပြီး ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့တွင် ပုလဲအတွဲ ၉၀ ပါဝင်သည့် တင်ဒါအမှတ်(၃)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ပုလဲအတွဲအားလုံး ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲများအပေါ် ရာခိုင်နှုန်းပြည့် ရောင်းချနိုင်ခဲ့သည်။

Myanmar Pearl Auction (August-2017) ပုလဲရောင်းချပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိကျင်းပပြီး ပုလဲအတွဲပေါင်း ၂၇၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ရာ ရာခိုင်နှုန်းပြည့် ရောင်းချနိုင်ခဲ့သည်။ အဆိုပါ ပုလဲအတွဲ ၂၇၀ သည် နိုင်ငံပိုင်ပုလဲအတွဲများဖြစ်ပြီး တန်ဖိုးငွေယူရို ၂၃၃၉၇၄၃ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ပုလဲရောင်းချပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ယနေ့အထိ ပွဲပေါင်း ၉၀ ကျင်းပရောင်းချနိုင်ခဲ့ပြီး နိုင်ငံတော်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၄ ဒသမ ၇၈ သန်းရရှိခဲ့သည်။ နေပြည်တော်၌ ၂၀၁၀ ခုနှစ်မှ စတင်ရောင်းချခဲ့ရာ ယခုကျင်းပသည့် Myanmar Pearl Auction (August-2017)ပွဲအပါအဝင် စုစုပေါင်း ရှစ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

Myanmar Pearl Auction (August-2017)တွင် ပြည်တွင်း ပြည်ပပုလဲကုမ္ပဏီ ၆၂ ခုမှ ကုန်သည် ၁၈၉ ဦး တက်ရောက်ဝယ်ယူအားပေးခဲ့ကြကြောင်းနှင့် Myanmar Pearl Auction (2018) ကို နေပြည်တော်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ❖ ရှေ့ဖုံးမှ

**မေး။ ။သီလဝါအထူးစီးပွားရေးဇုန် ဇုန် Aနဲ့ ဇုန် B နှစ်ခုမှာ ကုမ္ပဏီပေါင်း ၈၄ ခုရှိတယ်လို့ သိရပါတယ်။ အဲဒီမှာ ဂျပန်ကုမ္ပဏီပေါင်းဘယ်လောက် လာရောက်ရင်းနှီးမြှုပ်နေပါသလဲ။**

ဖြေ။ ။အကြမ်းဖျင်းအားဖြင့်တော့ ၅၀ ရာခိုင်နှုန်းလောက်က ဂျပန်ကုမ္ပဏီတွေဖြစ်ပါတယ်။ နောက်ဆုံးစာရင်းအရဆိုရင်တော့ ကုမ္ပဏီ ၈၄ ခုလောက်မှာ ၄၂ ခုက ဂျပန်နိုင်ငံကုမ္ပဏီတွေ ဖြစ်ပါတယ်။

**မေး။ ။ဇုန် B ကိုအခုထပ်မံတိုးချဲ့နေပြီး တစ်နှစ်အတွင်းအခြေခံအဆောက်အအုံပိုင်းကို ဆောင်ရွက်သွားမယ်လို့ သိရတော့ ဒါပြီးရင် ဂျပန်ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှု အလားအလာက ဘယ်လိုရှိနေပါသလဲ။**

ဖြေ။ ။အခုဇုန် B က ဟက်တာ ၁၀၀ ကို Develop လုပ်နေပါတယ်။ ဒါကဇုန် A ရဲ့ သုံးပုံတစ်ပုံလောက်ပဲ ရှိပါသေးတယ်။ ပထမဆုံးအဆင့် ဟက်တာ ၁၀၀ ရဲ့ ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်နဲ့ ပြောရမယ်ဆိုရင်တော့ ကုမ္ပဏီပေါင်း ၁၀ ခုကနေ ၁၅ ခုလောက် လာပြီးတော့ ရင်းနှီးမြှုပ်နှံစေချင်တယ်ဆိုတဲ့ မျှော်လင့်ချက်တော့ ထားထားပါတယ်။

**မေး။ ။သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော်နေပြီးတော့ တစ်ဖက်ကနေ JETRO အနေနဲ့ကလည်း ဂျပန်ကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့ ဆောင်ရွက်နေတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုတွေက ထင်သလောက် ဝင်မလာသေးတာက ရင်းနှီးမြှုပ်နှံမှုဥပဒေကို စောင့်ကြည့်နေတာလား။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ဘယ်လိုအတားအဆီးအခက်အခဲတွေ ရှိနေသေးလဲသိပါရစေ။**

ဖြေ။ ။ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့အပိုင်းမှာ ဘယ်နေရာမှာ ရင်းနှီးမြှုပ်နှံမလဲဆိုတာ အပိုင်းနှစ်ပိုင်းနဲ့ စဉ်းစားဖို့သင့်ပါတယ်။ ဥပမာတစ်ခုကတော့ သီလဝါမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အပိုင်းနဲ့ သီလဝါရဲ့ ပြင်ပအခြားဇုန်တွေမှာပေ့ါ။ သီလဝါမှာတော့ SEZ အထူးစီးပွားရေးဇုန် ဥပဒေနဲ့ သွားနေတဲ့အတွက်ကြောင့် ဒါကအာဆီယံထဲမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ကောင်းတဲ့ဥပဒေပဲ ဖြစ်ပါတယ်။ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင်တော့ ဂျပန်ကုမ္ပဏီတွေအနေနဲ့ နောက်ဆုတ်တွန့်ဆုတ်နေတာမျိုးတော့ မရှိပါဘူး။ သို့သော်လည်း သီလဝါအပြင်ပိုင်းမှာရှိတဲ့ တခြားစက်မှုဇုန်တွေမှာဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုလုပ်ရတဲ့ ဥပဒေကလည်း ပြောင်းလဲလာတယ်။ ကုမ္ပဏီဥပဒေကလည်း လွှတ်တော်မှာဆွေးနွေးဆဲပဲရှိသေးတော့ သူ့အနေနဲ့ အပြောင်းအလဲဖြစ်နေတဲ့ကာလဆိုတော့ ဂျပန်ကုမ္ပဏီတွေအနေနဲ့ နည်းနည်းစောင့်ကြည့်နေတဲ့သဘောတော့ ရှိပါတယ်။ သို့သော်လည်း သီလဝါအထူးစီးပွားရေးဇုန်နဲ့ပတ်သက်ရင်တော့ တွန့်ဆုတ်တွန့်ဆုတ် မရှိပါဘူး။ ဂျပန်ကုမ္ပဏီတွေအပါအဝင် နိုင်ငံခြားကုမ္ပဏီတွေအတွက် အင်မတန်မှ အရေးကြီးတဲ့အပိုင်းက လွတ်လပ်မှုရှိရမယ်။ လွတ်လပ်မှုဆိုတဲ့အပိုင်းကို အဓိကထားကြတယ်။ နိုင်ငံခြားကုမ္ပဏီတွေဆိုတာ မြန်မာကုမ္ပဏီတွေနဲ့ ယှဉ်လိုက်ရင် နည်းနည်းကန့်သတ်ချက်တွေ ရှိနေတယ်။ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ စီးပွားရေးလုပ်မယ်ဆိုရင် ဘယ်လောက်အထိကို လွတ်လပ်စွာလုပ်နိုင်မလဲ၊ အဲဒီအချက်ကိုအင်မတန်မှ အရေးပေးကြတယ်။ ဒါကြောင့်မို့ ဥပဒေစည်းမျဉ်းစည်းကမ်းတွေကို အင်မတန်မှ စိတ်ဝင်စားမှု ရှိပါတယ်။

**မေး။ ။ဂျပန်နိုင်ငံရဲ့ အာဆီယံနိုင်ငံတွေအတွင်းမှာ ရင်းနှီးမြှုပ်နှံနေမှုတွေကို ကြည့်ရင် CLMV နိုင်ငံတွေထဲမှာ ဗီယက်နမ်မှာ တော်တော်လေး ရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံနဲ့နှိုင်းယှဉ်ရင် တော်တော်လေး ကွာနေသေးတာတွေ့ရတယ်။ ဗီယက်နမ်အနေနဲ့ စီးပွားရေးကို လမ်းဖွင့်လိုက်တဲ့နောက် ဂျပန်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေ တစ်ဟုန်ထိုးတိုးတက်ခဲ့သလိုပဲ မြန်မာနိုင်ငံရဲ့ အလားအလာအခြေအနေဘယ်လိုရှိလဲ သုံးသပ်ပေးပါ။**

ဖြေ။ ။မြန်မာနိုင်ငံအနေနဲ့ ဗီယက်နမ်လိုပဲ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဖို့အတွက် အစိုးရပိုင်းကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ လိုအပ်တဲ့ ပေါ်လစီတွေ၊ ဥပဒေတွေ ပြဋ္ဌာန်းသွားမယ်ဆိုရင် ဗီယက်နမ်လိုပဲ ဖြစ်လာမယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတစ်ခုအနေနဲ့ စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်မယ်ဆိုရင်၊ စွန့်စားရမှုကို စဉ်းစားရမယ်ဆိုရင် အဲဒီနိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှု၊ အဲဒီနိုင်ငံအစိုးရရဲ့ တည်ငြိမ်မှုက အင်မတန်မှအရေးကြီးပါတယ်။ အင်မတန်မှ အရေးကြီးတဲ့ Risk ဖြစ်ပါတယ်။ အဲဒီနိုင်ငံမှာ ကုန်စည်နဲ့ဝန်ဆောင်မှုတွေကို ရှေ့ဆက်ဘယ်လို Speed နဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတဲ့ အပိုင်းကိုလည်း ကြည့်ပါတယ်။ အဓိကအချက်ကတော့ မြန်မာနိုင်ငံက ဂျပန်နိုင်ငံကို မျှော်မှန်းနေတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာ အထူးသဖြင့် Export လုပ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ကြားချင်တဲ့ဟာက မြန်မာနိုင်ငံရဲ့ မျှော်လင့်ချက်လို့ ထင်ပါတယ်။ ဂျပန်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် စက်မှုကုန်ထုတ်ပစ္စည်းတွေကို ဒီမှာစက်ရုံလာရောက် တည်ထောင်တာမျိုး ဖြစ်ပါလိမ့်မယ်။ သို့သော်လည်းပဲ အဲဒီအတွက် လျှပ်စစ်ဆိုတဲ့ အခြေခံအဆောက်အအုံပိုင်းက အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ဗီယက်နမ်က လုပ်ထားခဲ့သလိုမျိုး လျှပ်စစ်နဲ့ပတ်သက်တဲ့ အခြေခံအဆောက်အအုံတွေကို မြန်မာနိုင်ငံက အလားသဏ္ဌာန်တူ ပြင်ဆင်ဆောင်ရွက်မယ်ဆိုရင် ဂျပန်ကုမ္ပဏီတွေက ပိုပြီးတော့ စိတ်ဝင်စားမှုရှိပြီး ရင်းနှီးမြှုပ်နှံမှုတွေ မြင့်မားလာမယ်လို့ မျှော်မှန်းပါတယ်။ အလားတူ မြန်မာပြည်သူလူထုကလည်း ဗီယက်နမ်နိုင်ငံကလိုပဲ ဖွံ့ဖြိုးတိုးတက်လိုတဲ့စိတ် ရှိမရှိဆိုတဲ့အပေါ်မှာလည်း မူတည်ပါတယ်။



**ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း JETRO မန်နေဂျင်းဒါရိုက်တာ မစ္စတာ ဟီရိုယာမာအိုက**

**မေး။ ။အခုလက်ရှိ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ဘယ်လိုစီးပွားရေးကဏ္ဍတွေကို စိတ်ဝင်စားမှု ရှိနေပါသလဲ။**

ဖြေ။ ။အခုဂျပန်ကုမ္ပဏီတွေက မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ထုတ်ကုန်ပစ္စည်းတွေ ဒါမှမဟုတ် ဝန်ဆောင်မှုပိုင်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်ဝင်စားမှုက အင်မတန်မှ များပြားပါတယ်။ ဥပမာဆိုရင် အခုမြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ အများကြီးဆောင်ရွက်နေတာ ရှိတယ်။ အဲဒီမှာလိုအပ်နေတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေက အကုန်ပြည်ပကနေသွင်းနေရတယ်ဆိုတော့ အဲဒီထုတ်ကုန်ပစ္စည်းတွေ အပိုပစ္စည်းတွေကို ပြည်ပကနေတင်သွင်းပြီးတော့ မြန်မာနိုင်ငံထဲမှာပဲ ပေါင်းစပ်တပ်ဆင်ပြီး ထုတ်လုပ်တဲ့လုပ်ငန်းမျိုးတွေက လိုအပ်နေတဲ့အပိုင်းဖြစ်တော့ အင်မတန်မှ စိတ်ဝင်စားမှု ရှိပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာမရှိသေးတဲ့ စားသောက်ကုန်တွေက အများကြီးရှိတော့ စားသောက်ကုန်လုပ်ငန်းကို မြန်မာနိုင်ငံမှာလာရောက်ပြီး ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းတွေကိုလည်း စိတ်ဝင်စားမှု ရှိပါတယ်။ တတိယတစ်ခုကတော့ စက်မှုကုန်ထုတ်ပစ္စည်းပေ့ါ။ အဲဒီအပိုင်းကတော့ ရင်းနှီးမြှုပ်နှံဖို့ အလားအလာရှိပါတယ်။ မြန်မာနိုင်ငံမှာ စက်မှုကုန်ထုတ်ပစ္စည်းတွေကို ထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ဖို့လုပ်ငန်းတွေက အလားအလာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အနိမ့်ဆုံးလုပ်ခလစာက တခြားနိုင်ငံနဲ့ ယှဉ်လိုက်ရင် နည်းပါသေးတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ဖန်တီးပေးတယ်၊ ပို့ကုန်ကိုလည်း မြှင့်တင်ပေးတယ်ဆိုတဲ့အပိုင်းလည်း ဖြစ်တဲ့အတွက် အဲဒီကဏ္ဍက နောက်ပိုင်းဖြစ်လာမယ်လို့ ထင်ပါတယ်။ နောက်အလားအလာကတော့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်မယ့်အလားအလာ ရှိပါတယ်။ ပြည်ပကနေ ရင်းနှီးမြှုပ်နှံမှုငွေကြေး၊ နည်းပညာတွေ သယ်ဆောင်လာပြီး မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး ပြည်ပကို ပြန်လည်တင်ပို့နိုင်မယ့် အလားအလာတွေလည်း ရှိနေပါတယ်။ မြန်မာအစိုးရအနေနဲ့ အဲဒီအပိုင်းကို ပိုပြီးအားပေးဖို့လည်း လိုအပ်မယ်လို့ ထင်ပါတယ်။

**မေး။ ။ခုနကပြောသလို မြန်မာနိုင်ငံမှာ လုပ်ခလစာနည်းပါးတယ်ဆိုတဲ့ အားသာချက်တွေ ရှိနေပေမယ့် ကျွမ်းကျင်လုပ်သားအခက်အခဲကြောင့် နည်းပညာတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတဲ့အခါ အဆင်သင့်ဖြစ်ပါ့မလား။**

ဖြေ။ ။ဒါနဲ့ပတ်သက်လို့ ပြောရရင် ဗီယက်နမ်မှာ ဘာကြောင့် ဂျပန်စက်မှုပစ္စည်းတွေ ထုတ်လုပ်နေတာလဲဆိုတော့ စရိတ်နည်းတာလည်းပါတယ်။ ပြီးတော့ သူတို့နိုင်ငံက လျှပ်စစ်တည်ငြိမ်မှုရှိပြီး စရိတ်ကလည်းသက်သာတဲ့အတွက် ထုတ်လုပ်နိုင်မှုရှိတာဖြစ်တယ်။ ဒီနှစ်ခုကြောင့် ဗီယက်နမ်မှာရင်းနှီးမြှုပ်နှံကြတာများပါတယ်။ မြန်မာနိုင်ငံမှာလုပ်လို့မရဘူးလားဆိုတော့ လုပ်လို့ရတဲ့အပိုင်းတွေ ရှိပါတယ်။ ဥပမာ ကိုယ့်ဘာသာကို ဂျူနရေတာနဲ့ လျှပ်စစ်ထုတ်မယ်၊ ကျွမ်းကျင်လုပ်သားမရှိဘူးဆိုရင် ကျွမ်းကျင်လုပ်သားတွေ ပြည်ပကနေခေါ်လာမယ်ဆိုတာတွေ လုပ်လို့ရတာပေ့ါ။ ကုမ္ပဏီအနေနဲ့ အဓိကကြည့်မယ်ဆိုရင် စရိတ်ကို အဓိကကြည့်တာပေ့ါ။ လျှပ်စစ်ကမီးအားမမှန်တဲ့အခါ တည်ငြိမ်မှုမရှိဘူး။ အလုပ်သမားဆိုလည်း ကျွမ်းကျင်လုပ်သား လိုအပ်ချက်ရှိနေသေးတော့ အခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ စရိတ်နဲ့ လျှပ်စစ်တည်ငြိမ်မှုအရ ကြည့်မယ်ဆိုရင် သင့်တော်တဲ့အနေအထားတော့ မရောက်သေးဘူး။ နည်းနည်းလိုအပ်နေသေးတဲ့အပိုင်းပေ့ါ။ အခု မြန်မာနိုင်ငံမှာ စက်မှုထုတ်ကုန် ထုတ်မယ်ဆိုရင် စစချင်းတော့ စရိတ်လည်းသက်သာတဲ့ လွယ်တဲ့ပစ္စည်းလေးတွေကို စထုတ်လို့ရမလဲ အဲဒါကအဓိကအချက်ဖြစ်ပြီး အဲဒီကနေ ကြီးမားတဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေကို ဘယ်လောက်အထိ ထုတ်နိုင်မလဲ၊ အဲဒီအဆင့်ကိုရောက်ဖို့ ဘယ်လောက်အချိန်နဲ့သွားလို့ရမလဲ အဲဒါကအဓိကပွိုင့်ဖြစ်ပါတယ်။

**မေး။ ။သီလဝါစီးပွားရေးဇုန်အပြင် အခြားသောစက်မှုဇုန်တွေ၊ ဥပမာကျောက်ဖြူ၊ ထားဝယ် စီးပွားရေးဇုန်လို နေရာမျိုးမှာ ရောရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားမှု ရှိပါသလား။**

ဖြေ။ ။ရေရှည်ကြည့်မယ်ဆိုရင် အနှစ် ၃၀၊ အနှစ် ၅၀ ကြည့်မယ်ဆိုရင် ကျောက်ဖြူတို့ထားဝယ်တို့လည်း ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာတွေ ရှိတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ရေတိုမှာက သီလဝါအထူးစီးပွားရေးဇုန်က သွားနေတဲ့အရှိန်က မြန်ပါတယ်။ တခြားစီးပွားရေးဇုန်တွေမှာလည်း အစိုးရအနေနဲ့ ဘယ်လောက်အထိ ဆက်လက်ဖွင့်ပေးမလဲဆိုတဲ့ အပိုင်းကလည်း အရေးကြီးပါတယ်။ ဘယ်လောက်အရှိန်နဲ့ ဆောင်ရွက်သွားမလဲပေါ်မှာ မူတည်ပါတယ်။ ဗီယက်နမ်မှာရှိတဲ့ စက်မှုဇုန်အရေအတွက်နဲ့ မြန်မာမှာရှိတဲ့ဟာကို နှိုင်းယှဉ်ကြည့်ရင် ၁၅ ပုံ ၁ ပုံလောက်ပဲရှိပါတယ်။ ဒါကြောင့် စက်မှုဇုန်တွေ များစွာပေါ်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် ရန်ကုန်မှာရှိတဲ့ စက်မှုဇုန်တွေမှာဆိုရင် လက်ရှိရှိပြီးသားပိုင်ရှင်တွေဆီကနေ ပြန်ငှားရမယ့်အနေအထားဖြစ်နေတယ်။ လျှပ်စစ်ကဏ္ဍတွေ၊ ရေ၊ မီးက ကိုယ့်ဘာသာလုပ်ရမယ့်အပိုင်းတွေကြောင့် ဂျပန်ကုမ္ပဏီတွေအနေနဲ့ သီလဝါကလွဲပြီး အခြားနေရာတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ဆွဲဆောင်မှုနည်းပါလိမ့်မယ်။

**မေး။ ။နောက်ဆုံးအနေနဲ့ မြန်မာပြည်သူတွေနဲ့ ကြေးမုံစာဖတ်ပရိသတ်များကို ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ JETRO ရန်ကုန်ရုံးကို ဂျပန်နိုင်ငံက တစ်လတစ်လ လာရောက်ဆွေးနွေးတာ အယောက် ၃၀၀ လောက် လာပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂျပန်ကုမ္ပဏီတွေကို မြန်မာမှာလာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ပြောပါတယ်။ အဲဒီမှာ ဂျပန်ကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ ကိုယ့်လုပ်ငန်းအောင်မြင်ဖို့အတွက် အမြတ်ရဖို့ တစ်ခုတည်းမဟုတ်ဘဲ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အလားတူ မြန်မာလူမျိုးတွေ လူနေမှုအဆင့်အတန်းတွေ ပိုမိုမြင့်မားလာမှုပေ့ါ။ နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ လုပ်ငန်းကိုဆောင်ရွက်ဖို့ ကြိုးစားနေတယ်ဆိုတာကို မြန်မာပြည်သူတွေနဲ့ ကြေးမုံကိုဖတ်တဲ့ စာဖတ်ပရိသတ်တွေ သိစေချင်ပါတယ်။ ဂျပန်နိုင်ငံရဲ့ Character အနေနဲ့ ပြောရရင် ရှင်းပြချင်တာ လေးချက်ရှိပါတယ်။ ဂျပန်ကုမ္ပဏီတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှု လာလုပ်မယ်ဆိုရင် တော်တော်လေးနောက်ကျတယ်၊ နှေးတယ်လို့ ပြောကြတာတွေ ရှိပါတယ်။ သူတို့အနေနဲ့ တစ်ခါရင်းနှီးမြှုပ်နှံတယ်ဆိုတာနဲ့ ရေရှည်ကိုပဲတွေးပြီး လုပ်ပါတယ်။ ရေတိုဘယ်တော့မှ မတွေးဘူး။ နောက်ပြီး ကိုယ့်ရဲ့ အလုပ်သမားတွေကို Training သေချာပေးပါတယ်။ သေချာ Educate လုပ်ပေးပါတယ်။ Education ကို မြင့်မားအောင် အမြဲတမ်းလုပ်ပါတယ်။ တစ်ဦးတစ်ယောက်ကိုခန့်ပြီးတာနဲ့ သေချာ Training လုပ်ပြီး သူ့ကို ကျွမ်းကျင်လုပ်သားဖြစ်အောင် ဆောင်ရွက်ပေးတယ်ဆိုတဲ့ အဲလိုအားသာချက်တွေ ရှိပါတယ်။ တတိယအချက်ကတော့ ဂျပန်ကုမ္ပဏီက အင်မတန်မှ စည်းမျဉ်းစည်းကမ်းကြီးတော့ ဥပဒေနဲ့ငြိတဲ့ဟာကို ဘယ်တော့မှ မလုပ်ဘူး။ စည်းမျဉ်းဘောင်ထဲကပဲ အမြဲတမ်းဆောင်ရွက်ပါတယ်။ နောက်ဆုံးအချက်က ဂျပန်ကုမ္ပဏီတွေအနေနဲ့ ကြိုးစားပြီးအမြတ်ရရှိအောင် လုပ်ပါတယ်။ အဲလိုရရှိလာတဲ့ အမြတ်မှာလည်း ထိုက်သင့်ထိုက်တန်တဲ့ အခွန်နှုန်းကိုပေးဆောင်ပါတယ်။ ဒီထူးခြားချက်တွေကို မြန်မာပြည်သူတွေကို သိစေချင်ပါတယ်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးမိတ်ဖက်နိုင်ငံတစ်နိုင်ငံတွင် ပါဝင်ပြီး မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာသောအကူအညီများ၊ အတိုးနှုန်းသက်သာသော ဖွံ့ဖြိုးရေးချေးငွေများ၊ နှောင်ကြိုးမဲ့ ကူညီထောက်ပံ့မှုများ၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် လွှဲပြောင်းပေးမှုများကို ဆောင်ရွက်ပေးနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်လျက်ရှိသည်။

ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဆုနှင်းလဲ့၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

## မြောက်ဦးခရိုင်၌ မိုးစပါးဧကသုံးသိန်းကျော် စိုက်ပျိုးရန်လျာထား

**မြောက်ဦး ဩဂုတ် ၂၀**

ရခိုင်ပြည်နယ်၏ ၂၀၁၇ ခုနှစ် မိုးစပါး ဧက ၁၁ သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး မြောက်ဦးခရိုင်သည် ရခိုင်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု အများဆုံးခရိုင်တစ်ခုဖြစ်၍ ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ၃၈၀၆၇၉ ဧက လျာထားရာ ယနေ့အထိ ၃၂၆၉၁၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအေးထွန်းက ပြောသည်။

၂၀၁၇ -၂၀၁၈ မိုးစပါးစိုက်ပျိုးရာသီတွင် မြောက်ဦးမြို့နယ်၌ ၁၃၈၅၂၀ ဧက၊ ကျောက်တော်မြို့နယ်၌ ၉၄၁၂၅ ဧက ၊ မင်းပြားမြို့နယ်၌ ၉၄၁၁၂ ဧကနှင့် မြေပုံမြို့နယ်၌ ၅၃၉၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး မြောက်ဦးခရိုင်၌ မိုးအခြားသီးနှံ ၁၁ မျိုးမှာ ယနေ့အထိ ၆၆၇၁ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

မြောက်ဦးခရိုင်အတွင်း မိုးစပါးဧကများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် သတ်မှတ်ချက်ကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေ အပြီးထုတ်ချေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ဒေသလက်ရွေးစင်ရွေးချယ်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယို(အေ)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။



ယခုအခါ Level -1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်မြို့တို့တွင်ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင် သုံးဦးစီ ရွေးချယ်ခဲ့ပြီးဖြစ်သည်။

အလားတူ ရန်ကုန်မြို့၏ Level -1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို လာရောက်လျှောက်ထားသူ များပြားခဲ့သဖြင့် ပွဲစဉ်နှစ်ခုခွဲကာ ကျင်းပခဲ့ရာ ပွဲစဉ်(၁)ကို ဩဂုတ် ၁၃ ရက် ညပိုင်းက ကျင်းပခဲ့ပြီး ဒေသလက်ရွေးစင် သုံးဦးကို ရွေးချယ်နိုင်ခဲ့သည့်အပြင် ယနေ့ညပိုင်းတွင် ပွဲစဉ်(၂)ကို ကျင်းပရာ ပထမ ဖုန်းဝေသွင်၊ ဒုတိယ R. ဝါလင်း၊ တတိယ Phoebe တို့ကို ရွေးချယ်ခဲ့သည်။

ထို့အတူ စစ်တွေမြို့၏ Level -1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ဩဂုတ် ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmedia portal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် ဂီတချစ်ပရိသတ်များအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်၂၀၁၇ သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပမည့်မြို့နေရာ၊ နေ့ရက်၊ အသံစစ်ဆေးမည့်နေ့ရက်၊ လျှောက်လွှာဖောင်ပိတ်ရက်၊ အကဲဖြတ်ဒိုင်များ အစရှိသည်တို့ကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များ၌ ကျင်းပလျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးဂီတပွဲတော်မိသားစုနှင့် စေတနာရှင်၊ အလှူရှင်များက ပြိုင်ပွဲကျင်းပရာမြို့များရှိ တိုက်ပွဲရှောင် (ယာယီ)စခန်းများ၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာ နေရာဌာနများသို့ သွားရောက်၍လည်း ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရှစ်နိုင်ငံကိုယ်ခံပညာရှင်များ ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံလု

# ဖျံသွေး၊ ထွန်းလွင်မိုးနှင့် ရဲသွေးနီတို့ မွေထိုင်းလက်ဝှေ့ချန်ပီယံများကို အလဲထိုးအနိုင်ရ

ရန်ကုန် ဩဂုတ် ၂၀

**နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ကိုယ်ခံပညာရှင်များပါဝင်ယှဉ်ပြိုင်ကြသည့် ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။**



စောဂေါ်မူဒို(မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ချွေကလီးယားဟာဒီ(အီရန်)တို့ ယှဉ်ပြိုင်ထိုးသတ်နေကြစဉ်။ (ဇာဏီ)

ယနေ့ယှဉ်ပြိုင်သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် ပြည်တွင်းစိန်ခေါ်ပွဲတစ်ပွဲသာပါဝင်ပြီး ထိုင်း၊ နယူးဇီလန်၊ ဘရာဇီး၊ ပြင်သစ်၊ အီရန်နှင့် အမေရိကန်နိုင်ငံတို့မှ မွေထိုင်းလက်ဝှေ့ချန်ပီယံများနှင့် မြန်မာလက်ဝှေ့ချန်ပီယံများ စိန်ခေါ်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်တွင်းလက်ဝှေ့စိန်ခေါ်ပွဲတွင် ဒေါင်းဖြူလေး(Adventure)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)တို့ တွဲဆိုင်းသည် ဘက်တူတက်လူငယ်များဖြစ်သော်လည်း အနိုင်ရလိုဇောကို အဓိကမထားဘဲ လက်ဝှေ့ထိုးသတ်ချက်များကို ပြည့်စုံစွာ ထိုးသတ်ယှဉ်ပြိုင်ခဲ့ပြီး ပူးတွဲသရေဖြစ်ခဲ့သည်။ သို့သော် ပရိသတ်အကြိုက် ပွဲကောင်းဖြစ်ခဲ့သည်။

နိုင်ငံတကာပွဲစဉ်များဖြစ်သည့် ရဲသွေးနီ(မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ဂွန်ထယ်(ထိုင်း)တို့ပွဲစဉ်တွင် ဂွန်ထယ်က ရဲသွေးနီထက်အရပ်မြင့်သော်လည်း ပထမအချီမှာပင် ရဲသွေးနီ၏ ပါဝါပြင်းဘယ်လက်သီးကြောင့် ဂွန်ထယ်စ်အနားတောင်းလိုက်ရသည်။ တတိယအချီမှာ သွေးချင်းချင်းနီနေသည့် ဂွန်ထယ်မျက်နှာကို ရဲသွေးနီ၏ ပင့်လက်သီးများက တရစပ်ထိပြီး ရဲသွေးနီ ဒိုင်ပွဲရပ်ဖြင့် အလဲထိုးအနိုင်ရရှိခဲ့သည်။

ထွန်းလွင်မိုး(မြန်မာ)နှင့် ကမ္ဘာ့မွေထိုင်းချန်ပီယံ အယ်လက်ဇီဆာရီပီစို့(စ်)(နယူးဇီလန်)တို့ပွဲစဉ် ပထမအချီမှာပင် အယ်လက်ဇီဆာ မျက်ခုံးကွဲသွားပြီး ဒုတိယအချီမှာပင် ထွန်းလွင်မိုး၏ ဘယ်ညာဝိုက်လက်သီးများက အယ်လက်ဇီဆာ မျက်နှာကို သွေးလျှံစေခဲ့ပြီး ထွန်းလွင်မိုး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

သားအသည်းတစ်ပွင့်(မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ဗစ်တာဟူဂိုနူး(စ်)(ဘရာဇီး)တို့တွဲဆိုင်း ငါးချီပြည့် ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ပြီး ပူးတွဲသရေဖြစ်ခဲ့သည်။



ဖျံသွေး(မြန်မာ)နှင့် ဆီဘတ်(စ်)တီယန်ဘီးလာ့(ဒ်)(ပြင်သစ်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံ ဖျံသွေး(မြန်မာ)နှင့် ဆီဘတ်(စ်)တီယန်ဘီးလာ့(ဒ်) (ပြင်သစ်)တို့ပွဲစဉ်တွင် ဖျံသွေး၏ဘယ်ညာထောက်လက်သီးများက ဆီဘတ်(စ်)ကို ပထမအချီမှာပင် အနားတောင်းစေလိုက်ရသည်။ ဒုတိယအချီ ၂ မိနစ် စက္ကန့် ၆၀ မှာပင် ဖျံသွေး၏ ပါဝါပြင်းဘယ်ဝိုက်လက်သီးက ဆီဘတ်(စ်)၏ မေးရိုးကို အရှိန်ပြင်းပြင်းထိပြီး လဲကျကာ ပြန်မထနိုင်တော့သဖြင့် မွေထိုင်းလက်ဝှေ့ကျော် ဆီဘတ်(စ်)ကို ဖျံသွေး ဒိုင်ပွဲရပ်ဖြင့် အလဲထိုးအနိုင်ရခဲ့သည်။

စောဂေါ်မူဒို(မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ချွေကလီးယားဟာဒီ(အီရန်) တွဲဆိုင်းတွင် မြန်မာ့ရိုးရာလက်ဝှေ့ အတွေ့အကြုံရှိထားသည့် ဟာဒီ၏ပတ်ခြေကန်ချက်များက ထိမိပြီး ပါဝါပြင်းသလို စောဂေါ်မူဒို၏ လက်သီးများကလည်း ပြင်းထန်သည်။ ဒုတိယအချီမှာပင် စောဂေါ်မူဒို၏ ချုပ်ကိုင်ပေါက်ချက်များကြောင့် ချွေကလီးယားဟာဒီ ကြမ်းပြင်ကို မကြာခဏလဲကျနေသည်။ သို့သော် ငါးချီပြည့် ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ **(အေးမင်းသူ)**

### ○ မြန်မာအမျိုးသမီးအသင်းမှ

မြန်မာအမျိုးသမီးအသင်းသည် ချန်ပီယံဆု နောက်ဆုံးမျှော်လင့်ချက်အတွက် ကြိုးစားခဲ့သော်လည်း ဗီယက်နမ်အသင်းနှင့် ကွာခြားမှုရှိခဲ့ပြီး တစ်ဂိုးစီသရေအထိ လိုက်ကစားနိုင်ပြီးမှ နှစ်ဂိုးပြန်ပေးရကာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ချန်ပီယံဆုအတွက် အဓိကပြိုင်ဘက်များဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ကို အရေးနိမ့်ခဲ့သောကြောင့် ချန်ပီယံဆု မျှော်လင့်ချက်အဆုံးသတ်သွားခဲ့ပြီး တတိယနေရာအတွက်သာ မျှော်လင့်ရတော့မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ရင်ဆိုင်ခဲ့သည့် ကစားကွက်၊ လူအခင်းအကျင်းအတိုင်း ပွဲထွက်ခဲ့သော်လည်း ဗီယက်နမ်အသင်းကို အသာမရခဲ့ပေ။ ဗီယက်နမ်အသင်းသည် ၎င်းတို့ကစားဟန်အတိုင်း အမြန်နှုန်းတင်ပြီးကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းတွင် ဗီယက်နမ်အသင်းဂိုးပေါက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှုအချို့သာ ပြုလုပ်ခဲ့သည်။ ဗီယက်နမ်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၈ မိနစ်တွင် ဖန်ဟိုင်ယီက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက တိုက်စစ်အား မြင့်လာခဲ့သလို ဗီယက်နမ်အသင်းကလည်း တိုက်စစ်အသားပေးပုံစံဖြင့် ယှဉ်ပြိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုးကို ၆၃ မိနစ်တွင် ဝင်းသီဂီထွန်းက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးရခဲ့သော်လည်း တိုက်စစ်ကို ဦးဆောင်နိုင်ခြင်းမရှိသေးဘဲ ဗီယက်နမ်အသင်းကသာ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၇၀ တွင် ငုယင်သီဗန်၊ ၈၂ မိနစ်တွင် ဟူယီနူက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် သုံးပွဲကစား သုံးမှတ်သာရထားပြီး ဗီယက်နမ်အသင်းက နှစ်ပွဲစလုံး အနိုင်ရကာ ခြောက်မှတ်ရထားသည်။ **(ရှိုင်းထက်ဇော်)** ■

### ✻ မြန်မာဝူရှူးမှ

စန္ဒီဦး၊ အမျိုးသမီး ကွန့်စုပြိုင်ပွဲတွင် ခိုင်ဇင်သက်၊ အမျိုးသားထိုက်ချိကျန့်ပြိုင်ပွဲတွင် ခန့်မင်းထက်တို့မှာ ဆုတံဆိပ်များနှင့် လွဲချော်ခဲ့သည်။ ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် ရွှေတံဆိပ် ခြောက်ခုစီချီးမြှင့်မည်ဖြစ်ကာ မြန်မာဝူရှူးအဖွဲ့သည် ရွှေဆုများရယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ မြန်မာဝူရှူးအဖွဲ့သည် ယခုပြိုင်ပွဲတွင် ကစားသမား ၁၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မလေးရှား)**

# လားရှိုးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာဖွင့်ပွဲကျင်းပ

**လားရှိုး ဩဂုတ် ၂၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ကျင်းပသည့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



အခမ်းအနားကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံးသစ်ကြီး၏ ရှေ့မျက်နှာစာ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် လားရှိုးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်နှင့် လားရှိုးခရိုင် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်ကျော်တို့က ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံးသစ်အားဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံးသစ်၏ ဆိုင်းဘုတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်တို့က စက်ခလုတ်နှိပ်ဖွင့်ပေးခဲ့ပြီး **(အပေါ်ယာပုံ)** အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လားရှိုးမြို့၏ ယခင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ရုံးကြီးမှာ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလမှ စတင်ဖွင့်လှစ်ခဲ့သည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်မတိုင်မီကာလ၌ စစ်ဘားတိုက်ကြီးတစ်ခုအဖြစ်တည်ရှိခဲ့ပြီး ၁၉၇၂ ခုနှစ် မတိုင်မီကာလတွင် ကျန်းမာရေးဦးစီးမှူး ဆရာဝန်ကြီးရုံးအဖြစ် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍လည်း ဝန်ထမ်းအိမ်ရာသည် တစ်ပြိုင်တည်းတည်ရှိခဲ့ပြီး ၁၉၇၂ ခုနှစ် နောက်ပိုင်းတွင် တွဲဖက်ပြည်နယ်ကျန်းမာရေးမှူးဆရာဝန်ကြီး ၂၁ ဦး အစဉ်အဆက် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အာဟာရလေ့ကျင့်ကွပ်ကဲရေးအဖွဲ့၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ ပြည်နယ်အထူးရောဂါနှိမ်နင်းရေးအဖွဲ့၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ခုခံကျကာလဝမ်းရောဂါတိုက်ဖျက်ရေးဌာန စသည်ဖြင့် ရောဂါကာကွယ်ရေးအဖွဲ့များရုံးစိုက်ကာ ပြည်သူများ၏ ကျန်းမာရေးအတွက် ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းတာဝန်များကို စီမံခန့်ခွဲဆောင်ရွက်နေသည့် ရုံးဌာနကြီးတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ယင်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး(လားရှိုး)ကို နိုင်ငံတော်အစိုးရ၏ခွင့်ပြုရန်ပုံငွေကျပ် ၉၆၉ ဒသမ ၅ သန်း အကုန်ကျခံကာ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၌ စတင်ပန္နက်ချဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၄၅ ပေအမြင့် RC လေးထပ်အဆောက်အအုံကြီးဖြစ်ကြောင်းနှင့် မြန်မာရတနာရွှေခေတ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ခြောက်ခန်းတွဲ၊ လေးထပ်ဝန်ထမ်းအိမ်ရာကိုလည်း နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၅၃၆ ဒသမ ၉ သန်း အကုန်အကျခံကာ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းက ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာရတနာရွှေခေတ်ကုမ္ပဏီနှင့် Kinetic Asia ကုမ္ပဏီတို့မှ ရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုမှတ်တမ်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ မြန်မာရတနာရွှေခေတ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ သုခမ္မမဏိစောတရေဦးစိုင်းဘိုဘိုက လွှဲပြောင်းပေးအပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်က လက်ခံရယူခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**

❑❑

# လူစီးနှင့် ကုန်တင်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲမှု သုံးရက် ထပ်မံရပ်နားမည်

**မုံရွာ ဩဂုတ် ၂၀**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်များတွင် စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနေသဖြင့် ချင်းတွင်းမြစ်အတွင်းသွား ရေယာဉ်ခရီးစဉ်များကို သုံးရက်ကြာ ထပ်မံရပ်နားထားမည်ဖြစ်ကြောင်း မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ဒုတိယအကြိမ်အဖြစ် ယခုလအတွင်း ထပ်မံမြင့်တက်ခဲ့ရာ မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့ ထွက်ခွာမည့်ခရီးစဉ်များကို ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာ ရပ်နားထားခဲ့သည်။ ယခုရက်ပိုင်းအတွင်း အထက်ပိုင်းဒေသရှိ မြို့နယ်များတွင် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနေသဖြင့် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် ရေယာဉ်အသင်းများ၏ ညှိနှိုင်းအစည်းအဝေးတွင် စုပေါင်းဆုံးဖြတ်ချက်အရ ခရီးစဉ်များကို သုံးရက်ကြာ ထပ်မံရပ်နားခြင်းဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လအတွင်းကလည်း ချင်းတွင်းမြစ်ရေကြီးလို့ ရေယာဉ်ခရီးစဉ်တွေကို ၁၁ ရက်ကြာ ရပ်နားခဲ့ရတယ်။ အခုလည်း ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာလို့ ငါးရက်ပိတ်ခဲ့ပေမယ့် အထက်ပိုင်းမှာရှိတဲ့မြို့နယ်တွေမှာ ချင်းတွင်းမြစ်ရေက မကျသေးလို့ သုံးရက် ထပ်ပြီးပိတ်တာပါ။ မြစ်ရေပြန်လည်ကျသွားပြီး လမ်းခရီးစိတ်ချရတာနဲ့ ခရီးစဉ်ပြေးဆွဲမှုတွေကို ပြန်လည်ခွင့်ပြုပေးသွားမှာပါ" ဟု မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေကြီးသဖြင့် လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ရပ်နားထားစဉ်ကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပြည်တွင်းရေကြောင်းဦးစီးဌာနပိုင် ရေယာဉ်ကြီး နှစ်စင်းသည် ရပ်နားခြင်းမရှိဘဲ မုံရွာ-ကလေးဝခရီးစဉ်နှင့် မုံရွာ-ဟုမ္မလင်း ခရီးစဉ်များကို ခေါက်ပြန်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ပထမအကြိမ် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မုံရွာမြို့မှ အထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ် ၁၉ သင်းနှင့် လူစီးအမြန်ရေယာဉ် ၁၀ သင်းမှ ရေယာဉ်များသည် ပြေးဆွဲမည့်ခရီးစဉ်များကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ တစ်ကြိမ်၊ ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၆ ရက်အထိ တစ်ကြိမ်နှင့် ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အထိ နှစ်ရက် စုစုပေါင်း ၁၁ ရက် ကြာရပ်နားထားခဲ့ရကြောင်း သိရသည်။



**ဝင်းဦး(ဇေယျာတိုင်း)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၁ | ယောအတွင်းဝန်ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့်ရေးသားခဲ့သည့်ကျမ်းများ | တင်မောင်မောင် | ၃၀၀၀ | မျိုးဆက်သစ် |
| ၃၂ | ကြံကြီးစည်ရာ | မောင်ပေါ်ထွန်း | ၅၀၀၀ | လင်းလွန်းခင် |
| ၃၃ | အောင်မြင်သူ၊ ဘဝနှင့်ချစ်ခြင်းမေတ္တာ အတွေးစာစုများ | ပုညခင် | ၂၅၀၀ | ပုညခင် |
| ၃၄ | သံသရာကူးသူများရဲ့ နိဗ္ဗာန်သွားတဲ့လမ်း | Dr.အရှင်ပညိဿရ | ၄၀၀၀ | ဆုပြည့်စုံထွန်း |
| ၃၅ | ဘဝဂစ်တာကဗျာဂီတ | (ယက္ခ)ရဲကြီး | ၂၀၀၀ | ခုနစ်စင်ကြယ် |
| ၃၆ | နတ်နဲ့နဂါး | ထက်မြက်နိုင်ဇင် | ၃၀၀၀ | Treasure |
| ၃၇ | အရွယ်နှင့်တာဝန် | အရှင်ပရမ | ၃၅၀၀ | ခမ်းတီလုံ |
| ၃၈ | ကျေးဇူးသိမလား ကျေးစွပ်မလား | အရှင်ဇဝန | ၁၅၀၀ | ခုနစ်စင်ကြယ် |
| ၃၉ | အင်နီဖရန့် | စိန်ဝင်းစိန် | ၁၅၀၀ | မူဝံ |
| ၄၀ | ရေချယ်ကာဆန် | အေးငြိမ်းစံ | ၁၅၀၀ | မူဝံ |
| ၄၁ | ဖရန့်ခ်လွိုက်ရိုက်ထ် | အာသာမျိုးသန့် | ၁၅၀၀ | မူဝံ |
| ၄၂ | ဂျိန်းဂူဒဲလ် | နော်ဇာ | ၁၅၀၀ | မူဝံ |
| ၄၃ | ကျွန်တော်ပြည်သူ့ကိုယ်စားလှယ် | မောင်ဖြူ(RIT) | ၃၅၀၀ | မျိုးဆက်သစ် |
| ၄၄ | မိန်းကလေး | ဂျာနယ်ကျော်မမလေး | ၁၈၀၀ | ခုနစ်စင်ကြယ် |
| ၄၅ | မွန်သမိုင်းဝင်ဆောင်းပါးများ | နိုင်ပန်းအောင် | ၁၂၀၀ | ခုနစ်စင်ကြယ် |
| ၄၆ | ဝတ္ထုတိုစဆုံး | မင်းလူ | ၁၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၄၇ | လွမ်းနေမယ် မေဆွိရေ | လေယာဉ်မှူးကြီးသိန်းဇော် | ၁၅၀၀ | - |
| ၄၈ | မသိမဖြစ်ကြိယာ(၅)လုံး၊ Model Verb များနှင့် အသုံးများသော ကြိယာဝိသေသနများ | ကိုမင်း | ၃၅၀၀ | မျက်ပွင့် |
| ၄၉ | ဟိုတယ်ဝန်ထမ်းများအတွက် အင်္ဂလိပ်စကားပြောလက်စွဲစာအုပ် | ရဲကျော်မြင့် | ၂၀၀၀ | မဇ္ဈိမ |
| ၅၀ | * 008# နဲ့ခေါ်ဆိုလိုက်သော | ကလောင်စုံ | ၁၅၀၀ | - |
| ၅၁ | မူးယစ်ဆေးစွဲရောဂါ ကြိုတင်ကာကွယ်ကုသပါ | ဒေါက်တာမောင်မောင်လွင် | ၂၀၀၀ | ရန်အောင် |
| ၅၂ | ဒိုက်ဦးမှ စင်ကာပူသို့ | ဇင်သန့် | ၃၀၀၀ | အဖြူရောင် |
| ၅၃ | မယ်တော်ကြီးထံပေးစာများ | အရှင်ပညာသီရိ | ၂၀၀၀ | ဓမ္မခေါင်းလောင်း |
| ၅၄ | ရှေးခေတ်ပုဂံကဗျာများ | ဇော်ဂျီ | ၃၀၀၀ | နိုင်ငံ့ဂုဏ်ရည် |
| ၅၅ | မှော်ဝန်းသား ဗိုလ်ခင်ညွှန့်(သို့)အဖေ့သား | တင့်ဆွေ(ဖျာပုံ) | ၃၅၀၀ | ပန်းမျိုးတစ်ရာ |
| ၅၆ | ကွန်ကရစ်လုပ်ငန်းပြဿနာများနှင့် ကာကွယ်ပြုပြင်နည်းများ | ဦးစန်းနွယ် | ၅၀၀၀ | ခုနစ်စင်ကြယ် |
| ၅၇ | ဂျဝါပကလာနေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း(ရှေးဟောင်းနှင့် ခေတ်အလယ်ပိုင်း) | ဘိုးလှိုင် | ၈၀၀၀ | Tun Foundation |
| ၅၈ | လူ့ငရဲ | ဦးဝင်းတင် | ၂၇၀၀ | နေရီရီ |
| ၅၉ | နိဗ္ဗာန်ရောက်မှာ ကြောက်နေတဲ့သူများအပါအဝင်ဓမ္မစာစုများ | ဒေါက်တာခင်မောင်လတ်(ရွှေမြန်မာ) | ၈၀၀ | သုဒ္ဒန္တစာပေ |
| ၆၀ | စပ်မိစပ်ရာဓမ္မစာလွှာ | ကျင်ဒွေးတင်အောင် | ၈၀၀ | သုဒ္ဒန္တစာပေ |

# လမ်းမတော်မြို့နယ်တွင် အများပြည်သူပိုင်နေရာများရှိ ကျူးကျော်အသုံးပြုခြင်းများ ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၀**

လမ်းမတော်မြို့နယ်အတွင်း ဗိုလ်ချုပ်လမ်းနှင့် မင်းရဲကျော်စွာလမ်းတို့အကြားရှိ ဇော်ဂျီလမ်း ဝဲ၊ ယာ လမ်းဘေးတစ်လျှောက်တွင် ရှိနေသော စျေးဆိုင်တန်းများ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းမှစ၍ မြင်တွေ့ရခြင်းမရှိဟု ယင်းလမ်းအတွင်းရှိ ပုဂ္ဂလိကဆေးရုံကြီးအနီး နေ့ပိုင်း နေ့စဉ်ရပ်နား၍ ခရီးသည်စောင့်သည့် အငှားယာဉ်မောင်း တစ်ဦးက ပြောသည်။



လမ်းမတော်မြို့နယ်အတွင်းရှိ (၁၆) လမ်းအတွင်း ဝဲ၊ ယာနှင့် လမ်းထိပ်နှစ်ဖက်စလုံးတွင် အများပိုင်မြေပေါ် ကျူးကျော်အသုံးချနေခြင်းကို ဩဂုတ် ၉ ရက်တွင် သက်ဆိုင်ရာမှ ရှင်းလင်းပေးခဲ့သည်။ ယင်းနောက် အထက်ဖော်ပြပါနေရာရှိ စျေးရောင်းချနေသူများအား ဩဂုတ် ၁၆ ရက်တွင် လမ်းမတော်မြို့နယ် စည်ပင်သာယာ မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးတွင် သက်ဆိုင်ရာ တာဝန်ရှိသူက စျေးဆိုင်တန်းများ ရှင်းလင်းဖယ်ရှားပေးရန် တွေ့ဆုံပြောကြားခဲ့သည်ဟု ယင်းရုံးမှ မြို့နယ်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

စျေးဆိုင်တန်းများ ဖျက်သိမ်းရှင်းလင်းရာမှ ထွက်ပေါ်လာသော ပစ္စည်းမျိုးစုံပါဝင်သည့် အမှိုက်များကို သက်ဆိုင်ရာမှ ဩဂုတ် ၁၉ ရက်တွင် သန့်ရှင်းရေးဝန်ထမ်း အများအပြားနှင့် အမှိုက်သယ်ယာဉ်များဖြင့် ရှင်းလင်းနေရသည်ဟု **(အပေါ်ပုံ)** သန့်ရှင်းရေးကြီးကြပ်သူ ဦးကိုဝင်းက ပြောသည်။ မြေသားများပါ ပြုပြင်ဆောင်ရွက်ခြင်းကြောင့် မြင်ကွင်းများ ရှင်းလင်းသွားမည်ဟု ဝန်ထမ်းတစ်ဦးက ဆိုသည်။

လမ်းမတော်မြို့နယ်အတွင်း ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ရှင်းလင်းပေးခဲ့သော အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းဆုံမှ ကျုံးကြီးမြောင်းအထိ ဝါးတန်းလမ်းဘေးရှိ နံနက်ပိုင်းအသား၊ ငါး၊ ဟင်းရွက်စျေးတန်းမှာ ယနေ့အထိ ရောင်းချခြင်းမရှိသည့်အတွက် ယာဉ်များရပ်နား၍ ရလာသည်ဟု ယင်းနေရာအနီး (၆)လမ်းအတွင်းနေသူ ဘုရင့်နောင်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကားလမ်းမများဘေးရောင်းချနေသောစျေးသည်များကို ကမ်းနားလမ်း ညစျေးတန်းနေရာတွင် နံနက်ပိုင်းအသား၊ ငါး၊ ဟင်းရွက်စျေးတန်းအဖြစ် နံနက်ပိုင်းရောင်းချခွင့်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစ၍ သက်ဆိုင်ရာမှ ရောင်းချခွင့်ပြုခဲ့သည်။ မြို့တွင်းလေးမြို့နယ်မှ အစားအသောက်နှင့် သစ်သီးရောင်းချသူဆိုင်ပေါင်း ၁၆၀၀ ဝန်းကျင်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှစ၍ ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ မြို့တော်စည်ပင်မှ နေရာချရောင်းချခွင့်ပေးထားသည်ဟု ဆိုင်ခန်းအမှတ် (၅၆၇) (ခ)တွင် စျေးရောင်းသူ ကိုနေဝင်းက ဆိုသည်။

သို့သော် နှစ်လမ်းမောင်း ကမ်းနားလမ်းဟောင်းဖြတ်၍ ယင်းစျေးတန်းသို့ သွားရောက်ရာတွင် ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း ယခင်ရောင်းခဲ့သောနေရာဟောင်းများတွင် ပြန်လည်ရောင်းချခြင်းများကြောင့် နံနက်နှင့် ညစျေးတန်းများတွင် ဝယ်လိုအားကျနေသည်။ အချို့ဆိုင်များသည် အခွန်ဆောင်ထားပြီး ယခင်နေရာဟောင်းတွင် ပြန်လည်ရောင်းချနေသည်ကို မြင်တွေ့ရသည်။ **(မောင်စေအောင်)**

# ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြသစိုက်ပျိုး

**တပ်ကုန်း ဩဂုတ် ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာနကကြီးမှူး၍ မြို့နယ်အတွင်းမှ တောင်သူများ စပါးစိုက်ပျိုးရာတွင် အကျိုးဖြစ်ထွန်းစေမည့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြသမှုကို ဩဂုတ် ၁၉ ရက်က ရေအေးကျေးရွာ ကွင်းအမှတ် ၂၀၅၀ အဆင့်မြင့်လယ်ယာမြေကွင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင် လယ်ယာကဏ္ဍတာဝန်ခံ ဦးအေးမောင်စိန်တို့က လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က အထွက်နှုန်းကောင်းရန် သိပ္ပံနည်းကျစိုက်နည်းစနစ် အသုံးပြု၍ စပါးစိုက်ပျိုးခြင်းနှင့် စက်မှုလယ်ယာကဏ္ဍနှင့် ပတ်သက်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင် လယ်ယာကဏ္ဍတာဝန်ခံ ဦးအေးမောင်စိန်၊ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ သက်ဆိုင်ရာဦးစီးဌာနက တိုင်းဒေသကြီး၊ ခရိုင်မှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၉ အုပ်စုတို့မှ စပါးစိုက်တောင်သူများက စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် သရုပ်ပြသစိုက်ပျိုးနေမှုကို ကြည့်ရှုခဲ့ကြသည်။



ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ စပါးမျိုးကုန်ကျမှုနည်းပါးခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ အလုပ်သမားများရှာဖွေရသည့် အခက်အခဲလျော့ကျခြင်း၊ သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ ပျိုးပင်များ ပြုစုထိန်းသိမ်းမှုလွယ်ကူခြင်း၊ ပျိုးပင်များနုတ်ယူရန် မလိုအပ်ခြင်း၊ သန်မာ၍ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ လေဝင်လေထွက်ကောင်းမွန်ပြီး ကောက်ကွက်ဝင်ဆံ့မှု တိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း စသည့်အကျိုးကျေးဇူးများနှင့် ကောက်စိုက်စက်ကို စပါးစိုက်တောင်သူဦးကြီးများ ကြိုက်နှစ်သက်ပါက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့်ချိတ်ဆက်ပြီး ကုမ္ပဏီမှဝယ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။

**(တင်စိုးလွင်)**

# ဝန်းသိုမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဝန်းသို ဩဂုတ် ၂၀**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက စီမံကိန်းအကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ တစ်ရွာလျှင် အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ငါးယူနစ်အတွက် ကျပ်သိန်း ၁၅၀၀ ကို အသီးသီးပေးအပ်ကြသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိသော ကျေးရွာများမှာ မကျည်းကုန်း+တေဇ ကျေးရွာ တစ်ယူနစ်၊ နမော်+လည်ဦး+ဝါးဘိုးချောင်းကျေးရွာ တစ်ယူနစ်၊ ကင်မွန်းခြုံ+ထောက်ကြံ့တောကျေးရွာ တစ်ယူနစ်၊ ခပ်ချိုကျေးရွာ တစ်ယူနစ်နှင့် ထုံးဘို+အင်းမ+အလယ်ကျွန်းကျေးရွာ တစ်ယူနစ်ဖြစ်ပြီး ကျေးရွာပေါင်း ၁၀ ရွာ ယူနစ် ငါးယူနစ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးထံမှ သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

❑

# ဘီးလင်းမြို့နယ်၌ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်

**ဘီးလင်း ဩဂုတ် ၂၀**

သထုံခရိုင် ဘီးလင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ကျင်းပသော ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းကို ယနေ့နံနက် ၉ နာရီက ဘီးလင်းမြို့နယ် သာသနဗိမာန်တော်၌ ပြုလုပ်ခဲ့သည်။

ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းသို့ ဘီးလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သံဃာတော်များနှင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းသို့ လေ့လာသူ ၃၀ ရှိကြောင်း သိရသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘီးလင်း(ပြန်/ဆက်)**

# ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုအထိမ်းအမှတ်နေ့ကျင်းပ

**လားရှိုး ဩဂုတ် ၂၀**

ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုအထိမ်းအမှတ်နေ့နှင့် ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက လားရှိုးမြို့ ရပ်ကွက်(၂)ရှိ နှင်းဆီခန်းမ၌ ကျင်းပရာ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအဖွဲ့မှ Fr.Luiji က အဖွင့်အမှာစကားပြောကြားပြီး လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒက လူသားချင်းမေတ္တာတရားထား၍ စာနာကူညီရေးဩဝါဒမိန့်ကြားတော်မူသည်။

ထို့နောက် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းလားရှိုးရုံးခွဲ ညှိနှိုင်းရေးမှူး ဦးဂျာလက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုက်ပွဲရှောင်များ၏အခြေအနေကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပြီး တိုက်ပွဲရှောင်ပြည်သူများကိုယ်စား ကွတ်ခိုင်မြို့နယ် ကာလိုင်တိုက်ပွဲရှောင်စခန်းမှ ဦးထွန်းမောင်နှင့် နမ့်ခမ်းမြို့နယ် စိန်သောမတ်တိုက်ပွဲရှောင်စခန်းမှ ဒေါ်ခေါန်စင်တို့က ရင်ဖွင့်သံအဖြစ် ပြောကြားတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလျန်ခမ်းက အားပေးစကားပြောကြားပြီး တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့မှ မိုင်းဆာည်ရုံက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **(သီပေါကိုလတ်)**



# ရထားစီးခရီးသည်များအား အန္တရာယ်ကင်းရှင်းရေးအသိပညာပေး

**ရန်ကုန် ဩဂုတ် ၂၀**

ရထားရဲတပ်ဖွဲ့ အမှတ် (၁၄)တပ်ခွဲ အင်းစိန်မှ တပ်ခွဲမှူး ဒုတိယရဲမှူးငွေဝင်း၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် တပ်စု (၂) အင်းစိန်မှ တပ်စုမှူး ရဲအုပ်မိုးလွင်နှင့်အဖွဲ့၊ ဦးမင်းမင်းဦး (အထူးတန်းရုံပိုင်ကြီးအင်းစိန်)နှင့် စျေးကုန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် တာဝန်ရှိသူတို့နှင့်ပူးပေါင်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်ဘူတာ ခရီးသွားဧည့်ခန်းမဆောင်၌ ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီခွဲက ရထားစီးခရီးသည်များအား အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရထားနှင့် ကား၊ ဆိုင်ကယ်၊ လူ၊ တိရစ္ဆာန်တိုက်မိမှုမဖြစ်စေရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုမဖြစ်စေရေး အသိပညာပေးဟောပြောခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များအား အကျယ်တဝင့်ရှင်းလင်းဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဉာဏ်လင်း)**

# မှုခင်းဖြစ်စဉ်များ လျော့နည်းကျဆင်းရေး အသိပညာပေး

**ဟသ်ာတ ဩဂုတ် ၂၀**

ရထားရဲတပ်ဖွဲ့ အမှတ်(၂၀)တပ်ခွဲ ဟသ်ာတအပိုင်နယ်မြေအတွင်း မီးရထားနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များနှင့် ရထားကြိတ်၊ တိုက်၊ ပြုတ်ကျသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးသူများ လျော့နည်းကျဆင်းရေးအတွက် ဟသ်ာတရထားရဲစခန်းမှူး ရဲအုပ်ကျော်ဆန်းဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက်က ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ယုံသလင်းဘူတာတွင်အခြေပြု၍ ရထားစီးခရီးသည်များ၊ ကျေးရွာနေပြည်သူများ၊ ရပ်မိရပ်ဖများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား မြန်မာ့မီးရထားဝန်ထမ်းများနှင့်ပူးပေါင်းပြီး ရထားကြိတ်၊ တိုက်၊ ပြုတ်ကျမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရသေဆုံးသည့်ဖြစ်စဉ်များအား ချပြခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်စေရေး အသိပညာပေးလှုံ့ဆော်မှုများကို ဆောင်ရွက်ခဲ့သည်။ **(ကြေးမုံ)**

# လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၉၇ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၉၇ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၃၀ ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် A (H1N1)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားသူ၊ သေဆုံးသူမရှိဘဲ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၉၇ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၉၇ ဦးနှင့် ဓာတ်ခွဲအတည်ပြု သေဆုံးသူ ၃၀ ရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) သံသယလူနာ ၂၄ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာကိုးဦးတွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူ တစ်ဦးရှိခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A (H1N1) pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူဦးရေ | ဓာတ်ခွဲအတည်ပြုသေဆုံးသူဦးရေ |
|---|---|---|---|---|
| ၁ | ကရင်ပြည်နယ် | ၁၉ | ၁၅ | ၁ |
| ၂ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၃ | ၁၆ | ၁ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၂၅ | ၁၉ | ၀ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၈၈ | ၃၈ | ၃ |
| ၆ | မကွေးတိုင်းဒေသကြီး | ၂၃ | ၁၅ | ၂ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၂၃ | ၁၇ | ၂ |
| ၈ | မွန်ပြည်နယ် | ၁၂ | ၆ | ၁ |
| ၉ | ရခိုင်ပြည်နယ် | ၁၂ | ၄ | ၀ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | ၃၆၆ | ၈၃ | ၇ |
| ၁၁ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁၂ | ၃ | ၀ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၃ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၆ | ၃ | ၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၆ | ၃၈ | ၁၂ |
| ၁၅ | နေပြည်တော် | ၂၂ | ၁၇ | ၀ |
| | စုစုပေါင်း | ၇၉၇ | ၂၉၇ | ၃၀ |

ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့လူနာအဖြစ် အထူးကုဆေးရုံကြီး(ဝေဘာဂီ)၌ အတွင်းလူနာ သုံးဦးနှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် အတွင်းလူနာ ၃၃ ဦး စုစုပေါင်း ၃၆ ဦး ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်းလူနာ ၁၉၅ ဦးနှင့် ပြင်ပလူနာအဖြစ် ပြသသူ ၁၆ ဦးရှိခဲ့ကြောင်း။

ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နယ်နိမိတ်ချင်းထိစပ်နေသောနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများအနက် အများစုတွင် အမျိုးအစားတူ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့်ကာလဖြစ်သည်ဟု သုံးသပ်ရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**



# ရက်ကျော်လွန်သည့် စားသောက်ကုန်များ သိမ်းဆည်း

**ဂန့်ဂေါ ဩဂုတ် ၂၀**

ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမာန်ကိုဟော၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦး၊ ဂန့်ဂေါမြို့ စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်စိုးယုဆွေတို့နှင့် ကျန်းမာရေး၊ မွေး/ကု၊ စည်ပင်သာယာဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့်အဖွဲ့သည် ဩဂုတ် ၁၈ ရက်က ဂန့်ဂေါမြို့ရှိ စားသောက်ကုန်ရောင်းဝယ်သည့်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးကြရာတွင် သတ်မှတ်ရက်ကျော်လွန်နေသည့် စားသောက်ကုန်များ၊ မှိုတက်ပေါက်ပြဲနေသော စားသောက်ကုန်များ၊ တရားဝင်ပိတ်ပင်ထားသည့် စားသောက်ကုန်အမျိုးအစား ၄၀ ကို သိမ်းဆည်းခဲ့ကြပြီး ဂန့်ဂေါခရိုင်ရုံးအငြင်းပွားမှုဆိုင်ရာ အစည်းအဝေးတွင် တင်ပြသွားမည်ဖြစ်ကာ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ **(၄၆၅)**

# မူဆယ်မြို့တွင် အမှိုက်သိမ်းခြင်းလုပ်ငန်း တာဝန်မကျေမှုအပေါ် စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်

**မူဆယ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့တွင် ယနေ့ နံနက် ၁၀ နာရီက အမှိုက်သိမ်းခြင်းဆောင်ရွက်နေသည့် အောင်ကရုဏာကုမ္ပဏီလီမိတက်၏ အမှိုက်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအပေါ် ကျေနပ်မှုမရှိသည့် ပြည်သူတချို့က စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ စီတန်းလှည့်လည်ရာတွင် မူဆယ်ပြည်သူ့ဆေးရုံအနီး ရွှေသမင်ကွင်းမှ နံနက် ၁၀ နာရီတွင် စတင်၍ မန်းဝင်းလူငယ်ဇရပ်အထိ ကြွေးကြော်သံများ၊ ပိုစတာများဖြစ်သော အမှိုက်ပုံအညစ်အကြေး အမြန်ရှင်းလင်းပေးရေး၊ မန်းဝန်းအားကစား ကွင်းဘေးအမှိုက်ပုံ ရှင်းလင်းပေးရေး၊ မြို့တွင်းအမှိုက် သန့်ရှင်းပေးရေး၊ ပြည်သူ့ကျန်းမာရေးဂရုစိုက်ဆောင်ရွက်ပေးရေး၊ အောင်ကရုဏာအမှိုက်သိမ်းကုမ္ပဏီ အလိုမရှိ စာသားများဖြင့် ကြွေးကြော် စီတန်းလှည့်လည်ခဲ့ကြရာ ဒေသခံပြည်သူ အင်အား ၃၀၀ ဝန်းကျင်က စည်းကမ်းတကျ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# ကူးတို့ခဈေးကြီး၍ ကျွန်းတောင်သူများ ဆန္ဒဖော်ထုတ်




**မြင်းခြံ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ကူးတို့ခဈေးကြီး၍ ကျွန်းတောင်သူများ ဆန္ဒဖော်ထုတ်ခြင်းကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့သည် ဧရာဝတီမြစ်နှင့် နီးကပ်စွာတည်ရှိသဖြင့် မြစ်ရေဝင်ရောက်သည့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများမှာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများပါမကျန် ရေလမ်းခရီးကိုအသုံးပြုသွားလာနေကြရသည်။ ထိုရေဝင်အရပ်ရှိ ကျွန်းတောင်သူ ပြည်သူများသည် မြင်းခြံမြို့သို့ လာရောက်သည့်အခါ ပြောင်းပြာကူးတို့ကိုအသုံးပြုကြရသည်။ "ပြောင်းပြာကူးတို့" ကို အသုံးပြုသည့်အခါ ကူးတို့လေလံရရှိသူက ကူးတို့ခများတောင်းခံရာတွင် ဈေးနှုန်းကြီးမြင့်စွာကောက်ခံခြင်း၊ မိမိတို့ကိုယ်ပိုင်စက်လှေဖြင့် သယ်ယူခြင်းကိုလည်း တားမြစ်ပိတ်ပင်ဒဏ်ရိုက်ခြင်းများပြုလုပ်သဖြင့် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း ခေါင်းဆောင်ဖြစ်သူ ဒါးကျွန်းကျေးရွာနေ ဦးမာက ပြောသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ခြင်းတွင် ဒါးကျွန်း၊ လင့်ကြီး၊ အောင်ပြည်စိုးစသည့် ကျေးရွာများမှ ကျွန်းတောင်သူ ပြည်သူများပါဝင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိဘဲ သယ်ဆောင်လာသော ကုန်ပစ္စည်းများအား တားဆီးအရေးယူ

**ရန်ကုန် ဩဂုတ် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် တားဆီးစစ်ဆေးလျက်ရှိရာ ဩဂုတ် ၁၉ ရက်က တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ ကုန်ပစ္စည်းများအား သယ်ဆောင်လာမှု မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးအရေးယူခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဩဂုတ် ၁၉ ရက်က ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Fuso ၁၂ ဘီးယာဉ် တစ်စီးနှင့် ၂၂ ဘီးယာဉ် တစ်စီးတို့ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Cycle Tyre (550)၊ Cycle Tube (19000) U၊ လူသုံးကုန်ပစ္စည်း ၁၄ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၂၆၀ သန်းခန့်) အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးဆောင်ရွက်မှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ်







၄၂ ဒသမ ၂၆၀ သန်းခန့်) စုစုပေါင်းတားဆီးနိုင်ခဲ့မှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆ ဒသမ ၂၆၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)

စာအုပ်စာပေ လူ့မိတ်ဆွေ



# ငါးနှစ်တာကာလအတွင်း ကစားသမားရောင်းချခြင်းမှ အမြတ်အစွန်းပေါင်သန်း ၁၀၀ ကျော် ချယ်လ်ဆီး ရရှိခဲ့

ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ ငါးရာသီကာလအတွင်း ကစားသမားရောင်းချခြင်းကနေ အမြတ်အစွန်းပေါင်သန်း ၁၀၀ ကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ကစားသမား ၆၂ ဦး အထိ ရောင်းချခဲ့တာဖြစ်ပြီး အဲဒီကစားသမားတွေ ရောင်းချခဲ့တဲ့အကျိုးအမြတ်အဖြစ် ပေါင် ၁၀၇ ဒသမ ၆ သန်း အထိ ရရှိခဲ့တာပါ။ အဲဒီရောင်းချခဲ့တဲ့ကစားသမားတွေ ထဲမှာ နာမည်ကြီးကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး လူကာကူနဲ့ တိုက်စစ်မှူး ဒီဘရိုင်းတို့လည်း ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ လမ်းခွဲသွားတဲ့ကစားသမားတွေ ထဲမှာတော့ လူကာကူနဲ့ ဒီဘရိုင်းတို့ဟာ ဈေးအကြီးဆုံး ကစားသမားတွေအဖြစ် လက်ရှိအချိန်မှာ ရပ်တည်နေတာ လည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းမှ ရောင်းချခဲ့တဲ့ကစားသမား ၆၂ ဦးအနက် ကစားသမား ၂၅ ဦးဟာ ပထမအသင်းအသီးသီး မှာ နေရာရနေကြပါတယ်။

အများစုရဲ့သုံးသပ်ချက်တွေအရတော့ ကစားသမား ၃၂ ဦးကို ချယ်လ်ဆီးအသင်းမှ ရောင်းချခဲ့တာဟာ ငွေကြေးတစ်ခုတည်းအတွက်လို့ ဆိုထားပါတယ်။

ငွေကြေးကြောင့်မဟုတ်ဘဲ ပုံမှန်စနစ်အတိုင်း ရောင်းချခဲ့တဲ့ ကစားသမားအရေအတွက်ကို ကြည့်မယ် ဆိုရင် ၁၂ ဦးသာရှိခဲ့ပြီး အဲဒီကစားသမားတွေကတော့ နီမန်ဂျာမာတစ်၊ ကွာဒရာဒို၊ ဘီဂိုဗစ်၊ ဂျွန်အိုဘီမီခေး၊ အော်စကာ၊ ရာမီရက်စ်၊ ပီတာဆတ်ချ်၊ ဖိလစ်ပီလူးဝစ်၊ အန်ဒရီရှာရယ်၊ ဖာနန်ဒိုတောရက်၊ ဒေးဗစ်လုဇ်နဲ့ မာတာ တို့ပဲဖြစ်ပါတယ်။

အဲဒီပုံမှန်အတိုင်းရောင်းချခဲ့တဲ့ ကစားသမားတွေရဲ့ တစ်ဦးရောင်းချမှုဟာ ပျမ်းမျှအားဖြင့် ပေါင် ၂၀ ဒသမ ၃ သန်းဖြစ်ခဲ့ပြီး ပျမ်းမျှအသက်မှာလည်း ၂၄ နှစ်ဝန်းကျင် ဖြစ်တယ်လို့ ဆိုထားပါတယ်။

လူကာကူ၊ ဒီဘရိုင်းနဲ့ မိုဟာမက်ဆာလက်တို့ကို ဝယ်ယူခဲ့တာဟာ အဲဒီကစားသမားသုံးဦးပေါင်းကို ချယ်လ်ဆီးအသင်းအနေနဲ့ စုစုပေါင်း ၂၈ သန်းသာ ကုန်ကျခဲ့တယ်ဆိုပေမယ့် အဲဒီကစားသမားသုံးဦးကို ရောင်းချခဲ့ရာမှာတော့ အမြတ်အစွန်း ပေါင် ၃၅ သန်းအထိ ချယ်လ်ဆီးအသင်းရရှိခဲ့တာလည်းဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ကော်တင်ဟိုနှင့် ဒမ်ဘီလီကို မခေါ်ယူနိုင်ခဲ့ပါက ဒီမာရီယာနှင့် ဆာရီအား ဘာစီလိုနာ ခေါ်ယူမည်ဟုဆို

ဘာစီလိုနာအသင်းသည် ကော်တင်ဟိုနှင့် ဒမ်ဘီလီ တို့ကို စပိန်မြေသို့ ခေါ်ယူရန်အတွက် မျှော်လင့်ထားခဲ့ သော်လည်း လက်ရှိတွင် အဆိုကစားသမားများအား ကမ်းလှမ်းထားမှုကို ငြင်းဆိုထားခဲ့ခြင်းကြောင့် ဒီမာရီယာ နှင့် ဆာရီတို့ကို ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ယင်းမှာ လက်ရှိတွင် အပြောင်းအရွှေ့ဈေးကွက် သည်လည်း ပိတ်သိမ်းကာနီးနေပြီဖြစ်သည့်အတွက် ဒုတိယအစီအစဉ်အဖြစ် ဒီမာရီယာနှင့် ဆာရီတို့ကို ခေါ်ယူ ရန်ပြင်ဆင်ခဲ့ခြင်းကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူးနေမာနေရာ တွင် အစားထိုးရန်အတွက် လီဗာပူးတိုက်စစ်မှူး ကော်တင် ဟိုနှင့် ဒေါ့မွန်တိုက်စစ်မှူး ဒမ်ဘီလီတို့ကို ခေါ်ယူသွား မည်ဖြစ်ကြောင်း အပြောင်းအရွှေ့ဈေးကွက်စတင်ချိန် တွင် ပရိသတ်များအား တရားဝင်ထုတ်ဖော်ပြောကြား ထားခဲ့သည်။

သို့ရာတွင် အဆိုပါကစားသမားများကို ရောင်းချမည် မဟုတ်ကြောင်း လီဗာပူးအသင်းနှင့် ဒေါ့မွန်အသင်းတို့က ပြောကြားလာခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဒီမာရီယာနှင့် ကွင်းလယ်ကစားသမား ဆာရီတို့ဘက်ကို ခြေဦးပြန်လှည့် ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒီမာရီယာသည် ပီအက်စ်ဂျီအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားထားနိုင်ခဲ့သည့်အပြင် ကွင်းလယ်ကစားသမား ဆာရီသည်လည်း နိုက်စ်အသင်း တွင် ပုံစံကောင်းတစ်ခုကို ပိုင်ဆိုင်ထားသည့်ကစားသမား တစ်ဦးဖြစ်သည်။

လီဗာပူးအသင်းသည် ကော်တင်ဟို၏ အပြောင်း အရွှေ့ကိစ္စနှင့် စပ်လျဉ်း၍ ပထမတွင် ပေါင် ၇၅ သန်းမှ သန်း ၉၀ အထိ တိုးတောင်းခဲ့သော်လည်း လက်ရှိတွင် ပေါင်သန်း ၁၀၀ ကျော်အထိ တိုးမြှင့်ခဲ့သည့်အပြင် ရောင်း ချရန်ပင် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။










# ဆာခိုအား ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် ဝက်စ်ဘရွန်း စိတ်ဝင်စားနေ

ဝက်စ်ဘရွန်းအသင်းသည် လီဗာပူးနောက်တန်းကစားသမား ဆာခိုအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် စိတ်ဝင် စားလျက်ရှိကြောင်း သိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ပြင်သစ်ဗဟိုခံစစ်မှူး ဆာခိုသည် နည်းပြဂျာဂန်ကလော့၏ ရာသီအကြိုပွဲစဉ်များတွင် ပါဝင်ကစားခဲ့ခြင်း မရှိခဲ့သည့်အပြင် လက်ရှိတွင်လည်း လီဗာပူးအသင်းမှ ထွက်ခွာရန် လည်း ပြင်ဆင်နေသည့်ကစားသမားတစ်ဦးဖြစ်သည်။

နောက်တန်းကစားသမား ဆာခိုသည် ပြီးခဲ့သည့်ဘောလုံးရာသီ က ခရစ္စတယ်ပဲလေ့အသင်းတွင် တစ်ရာသီကြာအငှားချထားခြင်းခံ ခဲ့ရပြီး ရှစ်ပွဲ ပွဲထွက်ကစားခဲ့သည်။

ဆာခိုသည် ၂၀၁၆ ခုနှစ် ဧပြီလကတည်းက လီဗာပူးအသင်းတွင် ပါဝင်မကစားခဲ့ဘဲ လီဗာပူးအသင်း၏ ပရီမီယာလိဂ်ရာသီအဖွင့် ပွဲစဉ်ဖြစ်သည့် ဝက်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် မပါဝင်ခဲ့သလို ချန်ပီ ယံလိဂ်ဝင်ခွင့်အတွက် ကစားသည့် ဟော်ဖန်ဟိမ်းအသင်းနှင့် ပွဲစဉ်တွင်လည်း ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပေ။

ဝက်စ်ဘရွန်းအသင်းသည် အသင်း၏ နောက်တန်းကစားသမား အီဗန်အား မန်စီးတီးအသင်းသို့ ရောင်းချနိုင်ကြောင်းပြောကြားခဲ့ပြီး အဆိုပါကစားသမားအား ရောင်းချခဲ့ခြင်းမှ ရရှိလာမည့် ငွေကြေးဖြင့် အစားထိုးကစားသမားတစ်ဦးကို ခေါ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ဝက်စ်ဘရွန်းအသင်းအနေဖြင့် နောက်တန်း ကစားသမား အီဗန်အား ပေါင် ၁၈ သန်းဖြင့် မန်စီးတီးအသင်းက ကမ်းလှမ်းထားမှုကို ငြင်းဆိုထားကြောင်းလည်း သတင်းများ ထွက်ပေါ် လျက်ရှိသည်။

# အီဘရာဟီမိုဗစ်ကို မန်ယူ စာချုပ်သစ်ချုပ်ဆိုမည်

မန်ယူအသင်းဟာ လက်ရှိဒဏ်ရာပြဿနာကြုံနေရတဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို စာချုပ်သစ် ချုပ်ဆိုသွားမှာဖြစ်တဲ့အကြောင်း ဒီကနေ့သတင်းထွက်လာပါတယ်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူထားခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဒါပေမဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဧပြီလအတွင်းက ကစားခဲ့တဲ့ ယူရိုပါလိဂ် ပွဲစဉ်မှာ ရရှိခဲ့တဲ့ ဒူးဒဏ်ရာပြဿနာကြောင့် အနားယူနေရပါတယ်။

မန်ယူအသင်းအနေနဲ့ အဆိုပါတိုက်စစ်မှူးကို စာချုပ်သစ်တစ်ရပ် ထပ်တိုးမချုပ်ဆိုတော့ဘူးလို့ အရင်က ဆုံးဖြတ်ထားခဲ့ပေမယ့် လက်ရှိအချိန်မှာ စာချုပ်သစ်ချုပ်ဆိုမယ်လို့ ပြောလာပါ တယ်။

အသက်(၃၅)နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ မိုဗစ်ကို အသက်အရွယ်အရ စာချုပ်သစ်မချုပ် တော့ဘူးလို့ မော်ရင်ဟိုက ပြောခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ချန်ပီယံလိဂ်ပွဲစဉ်တွေအတွက် မိုဗစ်ကို ပြန်လည်ခေါ်ယူမယ်လို့ ဆိုထားပါတယ်။

မန်ယူအသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်မှာ အဆင့်(၆)နေရာမှာ ရပ်တည်နေခဲ့ပေမယ့် ယူရိုပါလိဂ်ဖလားရရှိခဲ့တာကြောင့် ချန်ပီယံလိဂ် ဝင်ခွင့်တစ်နေရာ ရရှိထားခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။




## ဩဂုတ် ၂၀ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၂**

| | | | | |
|---|---|---|---|---|
| ဟက်ဒါဖီးလ် | ၁ | - | ၀ | နယူးကာဆယ် |
| စပါး | ၁ | - | ၂ | ချယ်လ်ဆီး |

**စပိန်လာလီဂါ ပွဲစဉ် - ၁**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၁ | အက်စပန်ညို |
| ဂျီရိုနာ | ၂ | - | ၂ | အေတီမတ် |

**ပြင်သစ်လီဂူး ပွဲစဉ် - ၂**

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | ၁ | - | ၁ | စထရာဘိုး |
| နိုက် | ၂ | - | ၀ | ဂူအင်ဂမ့် |
| ရန်းနက် | ၂ | - | ၂ | ဒီဂျွန် |
| စိန့်အက်တီယန် | ၃ | - | ၀ | အေမိန်းစ် |
| ထရွိုင်းယက် | ၀ | - | ၁ | နန့်တက်စ် |
| လိုင်ယွန် | ၃ | - | ၃ | ဘော်ဒိုး |
| လိုင်လီ | ၀ | - | ၂ | ကိန်း |
| မာဆေး | ၁ | - | ၁ | အန်ဂါးစ် |

(ခိုင်ဝင်း)

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) ထိရောက်သော နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲရန်၊ ရှောင်လွှဲမှုကို ဖြစ်မြောက်စေရန် သို့မဟုတ် ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ စီးပွားရေးအလို့ငှာ ပြုလုပ်ထားသည့်ပစ္စည်းကိရိယာများ၊ ထုတ်ကုန်များ၊ ပစ္စည်းအစိတ်အပိုင်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချရန် သို့မဟုတ် ငှားရမ်းရန်အတွက် ကြော်ငြာခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း မပြုရ။

၄၂။ (က) ပုဒ်မ ၄၁ တွင် မည်သို့ပင်ဆိုစေကာမူ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)၊ (ဂ)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၃၀ ပါ အချက်များနှင့် ကိုက်ညီသော ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်ကို ခံစားခွင့်ရှိသူများသည် နည်းပညာဖြင့်ကာကွယ်ထားသော အစီအမံများဖြင့် ပြုလုပ်ထားသည့် လက်ရာကို အသုံးပြုနိုင်ရန်အတွက် အဆိုပါ အစီအမံများမှ ရှောင်လွှဲနိုင်သည့် အခွင့်အရေးကို ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)ပါ အချက်များသည် သဘောတူစာချုပ်ပါ စည်းကမ်းချက်အရ အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်၌ အသုံးပြုနိုင်ရန် ပြုလုပ်ထားသော စာပေအနုပညာလက်ရာများ သို့မဟုတ် အခြားစာပေအနုပညာဆိုင်ရာ ကိစ္စရပ်များအပေါ် သက်ဆိုင်ခြင်းမရှိစေရ။

**အခန်း(၁၅)**
**မူပိုင်ခွင့်ကို မှတ်ပုံတင်ခြင်း**

၄၃။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးသည် မူပိုင်ခွင့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရှိစေရန် အလို့ငှာ မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်လိုပါက သတ်မှတ်ချက်နှင့်အညီဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၄၄။ မှတ်ပုံတင်အရာရှိသည် မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၄၅။ မူပိုင်ခွင့်မှတ်ပုံတင်ရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက် သို့မဟုတ် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသောအခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ စာပေအနုပညာ လက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၄၆။ ပုဒ်မ ၄၄ အရ အကြောင်းကြားစာ လက်ခံရရှိသော်လည်း လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များကို ဆောင်ရွက်တင်ပြခြင်းမရှိလျှင် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ သတ်မှတ်ချက်နှင့်ညီညွတ်သော စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၃ တွင်ပါရှိသည့် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ မရှိ စစ်ဆေးပြီးနောက် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကိုပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မူပိုင်ခွင့်မှတ်ပုံတင် စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် မှတ်ပုံတင်ရန် ခွင့်ပြုပါကသတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

(ဂ) မှတ်ပုံတင်ရန်ခွင့်ပြုပါက မူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၄၈။ (က) မှတ်ပုံတင်ပိုင်ရှင်သည် ယင်း၏ မူပိုင်ခွင့်မှတ်ပုံတင်လက်မှတ် မူရင်းပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် စစ်ဆေး၍ မူပိုင်ခွင့်မှတ်ပုံတင် လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

၄၉။ လျှောက်ထားသူသည် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း ခံရလျှင်သော်လည်းကောင်း ပေးသွင်းထားသည့် မှတ်ပုံတင်ကြေးကို ပြန်လည်ရထိုက်ခွင့် မရှိစေရ။

၅၀။ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် မူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရရှိစေရန်အလို့ငှာ ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့ကို မှတ်ပုံတင်လိုပါက ဤအခန်းပါ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၅၁။ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်သည်လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့်ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများသည် လည်းကောင်း ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဤဥပဒေပါ အခွင့်အရေးများကို ရရှိစေရမည်။

**အခန်း (၁၆)**
**မူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း**

၅၂။ မှတ်ပုံတင်ထားသော မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် မိမိ သို့မဟုတ် အများအကျိုးကို ထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၃။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ပယ်ဖျက်နိုင်သည် -

(က) ပုဒ်မ ၁၃ ပါ အကာအကွယ်ပေးခြင်းမခံရသည့် စာပေအနုပညာ လက်ရာဖြစ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် မှတ်ပုံတင်ခွင့် ရထိုက်သူ မဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ဂ) မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန် တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသော အရေးပါသည့် အချက်အလက်တစ်ရပ်ရပ်ကို ထိန်ချန်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(ဃ) တရားရုံးက မူပိုင်ခွင့်မှတ်ပုံတင် ပျက်ပြယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြီးသတ် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်၊ အမိန့်နှင့် ဒီကရီ ချမှတ်ခြင်း။

၅၄။ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုထားကြောင်း သက်ဆိုင်သူကတင်ပြလာသည့်အခါ မှတ်ပုံတင်အရာရှိသည် အဆိုပါအမှု မပြီးပြတ်မီ ကာလအတွင်း၌ မူပိုင်ခွင့်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကို ဆိုင်းငံ့ထားရမည်။

၅၅။ မှတ်ပုံတင်အရာရှိသည် မူပိုင်ခွင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက သို့မဟုတ် ဖယ်ရှားပြီးပါက အဆိုပါ ပယ်ဖျက်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို မှတ်တမ်းတင်၍ မူပိုင်ခွင့်မှတ်ပုံတင်ပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**အခန်း (၁၇)**
**အယူခံခြင်း**

၅၆။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၅၇။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စ အလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

**အခန်း (၁၈)**
**မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်**
**အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅၈။ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူသည် -

(က) သတ်မှတ်ထားသည့် စာပေအနုပညာ မူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းကို တည်ထောင်ခွင့်ပြုရန် ဦးစီးဌာနသို့ မိမိတို့ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းကို ဖွဲ့စည်းရေးအတွက် လျှောက်ထားရာတွင် စာပေအနုပညာ မူပိုင်ခွင့်ကဏ္ဍအလိုက် မူလလက်ရာရှင်၊ မူပိုင်ခွင့်ပိုင်ရှင်၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူနှင့် သက်ဆိုင်ရာကျွမ်းကျင်သောပညာရှင်တို့ကို အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ဖွဲ့စည်းနိုင်သည်။

၅၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၅၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) သတ်မှတ်ထားသည့် စာပေအနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် ဖွဲ့စည်းခွင့်ပြုထားသော မူပိုင်ခွင့်ဆိုင်ရာအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း ပြုနိုင်သည်။

၆၀။ မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းသည် သက်ဆိုင်ရာမူပိုင်ခွင့်ကဏ္ဍအလိုက်-

(က) စာပေအနုပညာဆိုင်ရာ ဖန်တီးမှုများကို အားပေးမြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ အခွင့်အရေးများ ရရှိရေးအတွက် လည်းကောင်း၊ ယင်းအခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ အကာအကွယ်ပေးရေးအတွက် လည်းကောင်း စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း ပြုနိုင်သည်။

(ဂ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့က အပ်နှံသည့် စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို လက်ခံခြင်းနှင့် အသုံးပြုသူများထံမှ သင့်တင့်မျှတသောအခကြေးငွေကောက်ခံပြီး ထိုသူတို့အား ပြန်လည်ခွဲဝေပေးခြင်း ပြုနိုင်သည်။

(ဃ) လိုအပ်သော စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို မပျောက်ပျက်စေရေးအတွက် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့် ပိုင်ရှင်၏ ဆန္ဒအရသော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း ပြုနိုင်သည်။

(င) ပြည်ပရှိ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ အကူအညီများ ရယူခြင်းနှင့် အကူအညီပေးခြင်းတို့ ပြုနိုင်သည်။

(စ) ဝန်ကြီးဌာနမှ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းအတွက် သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များကို လိုက်နာရမည်။

**အခန်း (၁၉)**
**မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ရုံးက**
**အကာအကွယ်ပေးခြင်း**

၆၁။ အခွင့်အရေးရရှိသူသည် မူပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသော ပစ္စည်းကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ ခိုင်လုံသော အထောက်အထားရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်အာဏာပိုင်များထံ လျှောက်ထားနိုင်သည်။

၆၂။ (က) အကောက်ခွန်အာဏာပိုင်များသည် -

(၁) ပုဒ်မ ၆၁ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ရုံးဖွင့်ရက် ၃၀ ရက်အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကို စိစစ်ရန် လိုအပ်သောသတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့် နေ့ရက်မှ ရုံးဖွင့်ရက် ၁၀ ရက်အတွင်း သတင်း အချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့နိုင်စေရန်အလို့ငှာ ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကိုလက်ခံရာတွင် အာမခံချက်တစ်ရပ်ကို လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) အခွင့်အရေးရရှိသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုလျှင် ပုဒ်မခွဲ(က)ပါလုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၆၃။ (က) အကောက်ခွန်အာဏာပိုင်များသည် ပုဒ်မ ၆၂ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက် မူပိုင်ခွင့်ချိုးဖောက်ပြီး တင်သွင်းထားသော ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော သေချာသည့်အထောက်အထားများရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါပစ္စည်းသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန်အလို့ငှာ အကောက်ခွန်အာဏာပိုင်များသည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသောပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၄။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားပြီးနောက် ရုံးဖွင့်ရက် ၁၀ ရက်အတွင်း လျှောက်ထားသူမှ အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် တရားရုံးမှ ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်အာဏာပိုင်များထံအကြောင်းကြားခဲ့ခြင်း မရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်ထားသော အချိန်ကာလကို ပထမ ရုံးဖွင့်ရက် ၁၀ ရက် မကုန်ဆုံးမီ အကောက်ခွန်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နောက်ထပ် ရုံးဖွင့်ရက် ၁၀ ရက် ထပ်မံတိုးချဲ့နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြေငှားဂရန်ရရှိပိုင်ဆိုင်ခြင်းကြောင့် ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်

**မယ်စဲ့ ဩဂုတ် ၂၀**
နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ပုဂ္ဂလိကမြေယာပိုင်ဆိုင်မှု အခိုင်အမာရရှိစေရန်၊ မြေယာမှုခင်းများ ဖြစ်ပွားပါကဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်၍ မြို့မြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးလုထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မြို့ပေါ်ရပ်ကွက်နေပြည်သူများ မြေငှားဂရန်ရရှိပိုင်ဆိုင်ခြင်းဖြင့် ပြည်သူလူထု၏စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း၊ မြေယာအရှုပ်အရှင်းကင်းရှင်းသူများကို မြေငှားဂရန်လွယ်ကူချောမွေ့စွာ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ မြေယာပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး လွန်စွာသိမ်မွေ့ရှုပ်ထွေးမှုများရှိသည့်အတွက် မှားယွင်းမှုမရှိအောင် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူလူထုအတွက် စိစစ်ထုတ်ပေးလျက်ရှိကြောင်း၊ ယခုလိုမြေငှားဂရန်ထုတ်ပေးခြင်းကြောင့် ပိုင်ဆိုင်မှုဥပဒေ နည်းဥပဒေတို့နှင့်အညီ ပြည်သူလူထုများမှစိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြောင်း၊ ကယားပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများလူနေမှုဘဝ မြင့်မားစေဖို့ စိတ်ရောကိုယ်ပါထက်သန်စွာ အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မြေငှားဂရန်ရရှိသူပြည်သူ ၈၀ ၏ လက်ဝယ်သို့မြေငှားဂရန်များပေးအပ်ခဲ့ရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

တက်ရောက်လာသောပြည်သူများ၏တင်ပြချက်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းတို့က ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဒေသခံပြည်သူများ ဝိုင်းဝန်းပါဝင်

**ဖလမ်း ဩဂုတ် ၂၀**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ဖလမ်းမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဇိန်မှုတောင်သည် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရန် မြေဇကေနှစ်သောင်းကျော်လျာထား၍ အနီးနားရှိ ဒေသခံပြည်သူများကလည်း စိတ်အားထက်သန်စွာ ပါဝင်လာဖို့အရေးကြီးကြောင်း၊ လိုင်ဗားဆည်အနီးတွင် ဆည်အသစ်တစ်ခုတည်ဆောက်ရန် စီမံထားကြောင်း၊ လေးနှစ်အတွင်း ဆူရ်ဘုန်လေယာဉ်ကွင်းတွင် လေယာဉ်ဆင်းသက်နိုင်အောင်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ချင်းပြည်နယ်သည် သဘာဝဘေးအန္တရာယ်ခြိမ်းခြောက်မှုခံနေရသဖြင့် ဒေသခံပြည်သူများသည် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဝိုင်းဝန်းပါဝင်ဖို့ လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က အမှာစကားဆက်လက်ပြောကြားသည်။ ယင်းနောက် ဖလမ်းမြို့ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးဟရန်းလောမ်နှင့် ဒေသခံပြည်သူများက မြို့၏ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

**ခရိုင် ပြန်/ဆက်**




# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်အထိမ်းအမှတ် ကျောင်းအခြေပြု စက်ဘီးစီးပွဲ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**လားရှိုး ဩဂုတ် ၂၀**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် ဩဂုတ် ၁၉ ရက် နံနက် ၆ နာရီက လားရှိုး မိုတယ်ရှေ့၌ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်အထိမ်းအမှတ် ကျောင်းအခြေပြု စက်ဘီးစီးပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်သူများ၊ ကျောင်းသားလူငယ်များက မြို့တစ်ပတ်စီးကာ လားရှိုးပြည်နယ် မြို့မအားကစားဝင်းသို့ ပန်းဝင်ကြောင်း သိရသည်။ အဆိုပါ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်အထိမ်းအမှတ် ကျောင်းအခြေပြု စက်ဘီးစီးပွဲတွင် အင်အား ၃၀၀ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်နေသော ရန်တိုင်းအောင် ဆုတောင်းပြည့်စေတီနှင့် ဆင်းရွှေလီ ကဇာတ်ရုံဝင်းအတွင်းရှိ ရေနုတ်မြောင်းတူးဖော်နေမှုကို စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ရှင်းလင်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ရေနုတ်မြောင်းများကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုအား ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြည်နယ်ကျန်းမာရေးဦးစီးဌာန လားရှိုးရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲ အခမ်းအနားအား တက်ရောက်ကာ ရုံးအသစ်အဆောက်အအုံအား နိုင်ငံတော် ဒုတိယသမ္မတ(ငြိမ်း) ဒေါက်တာ စိုင်းမောက်ခမ်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရုံးသစ်အဆောက်အအုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယသမ္မတ(ငြိမ်း) ဒေါက်တာစိုင်းမောက်ခမ်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြန်မာရတနာ ရွှေခေတ်ကုမ္ပဏီနှင့် Kinetic Asia ကုမ္ပဏီတို့မှ ရုံးအသစ်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုမှတ်တမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ပြည်နယ်ကျန်းမာရေးဌာန ရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာ ဖွင့်ပွဲအထိမ်းအမှတ် အလံ၊ ပစ္စည်းနှင့် လက်ဆောင်များကို ပေးအပ်၍ ရှမ်းပြည်နယ်(လားရှိုး) ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် အဆောက်အအုံသစ်အခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်ရာ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြကြပြီး ပြန်လည်ထူထောင်ရေးစခန်းရှိ လူငယ်များအား သွားရောက်ကြည့်ရှုကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေကျပ် ငါးသိန်းကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ပေးအပ်၍လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က အလှူငွေကျပ် ငါးသောင်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်အနီးရောက်ရှိ၊ အနိမ့်ပိုင်းရပ်ကွက်များရေဝင်

**မန္တလေး ဩဂုတ် ၂၀**
မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ဩဂုတ်ဒုတိယပတ်မှစတင်၍ မိုးများအဆက်မပြတ် ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်အတွင်း ရေများစီးဝင်ကာ မြစ်ရေကြီးလျက်ရှိသည်။

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲ တိုင်းတာချက်အရ မန္တလေးမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပြီး ဆက်လက်မိုးရွာသွန်းပါက ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်းနှင့် ဒုဋ္ဌဝတီမြစ်ရေသည် အမရပူရ မြို့နယ် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု၊ မြစ်ငယ်နှင့် ပုသိမ်ကြီးမြို့နယ် မြစ်ကမ်းအနီးနှင့် အနိမ့်ပိုင်းရပ်ကွက် ကျေးရွာများ မြစ်ရေများဝင်ရောက်လျက်ရှိပြီး အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အမှတ် (၁၂) တပ်ခွဲ တပ်စု (၁) သဃ်န်းကျွန်းခေတ္တတပ်စုမှူး ရဲတပ်ကြပ်ကြီး သူရရွှေယဉ် ဦးစီးသောအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းဘူတာနှင့် နင်းဆီကုန်းဘူတာအကြား၌ ရထားနှင့် တိုက်မိမှုများမဖြစ်ပွားစေရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ၁၁၈

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး

**ခရမ်း ဩဂုတ် ၂၀**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်သည် ဩဂုတ် ၁၆ ရက် ည ၇ နာရီခွဲက ခရမ်းမြို့ အမှတ် (၈) ရက်ကွက်ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးဟောပြောခဲ့ရာ ပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **၆၈၉**

# နာဂလူမျိုးစုများ၏ ကြီးမားသောအုန်းမောင်းပြုလုပ်ပုံ ရုပ်ရှင်မှတ်တမ်းပြသ


ဓာတ်ပုံ– အေးမင်းသူ၊ Mr.Hiroshi IGUCHI

နာဂလူမျိုးစုများ ရှေးအစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့် ၁၀ မီတာရှည်လျားသော အုန်းမောင်း (It Drum) ပြုလုပ်ပုံ အဆင့်ဆင့်ကို မှတ်တမ်းတင်ရိုက်ကူးထားသော ရုပ်ရှင် Story Khiam ကို ဩဂုတ် ၁၈ ရက်က ညနေ ၆ နာရီမှ စတင်ကာ Japan Culture House ၌ ပြသခဲ့သည်။

ယင်းမှတ်တမ်းရုပ်ရှင်ကို မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောများအတွင်းသို့ ဂျပန်နိုင်ငံမှ အသံဖမ်းအင်ဂျင်နီယာ Mr.Hiroshi IGUCHI မှ ဝင်ရောက်ပြီး ရိုက်ကူးထားသော ရုပ်ရှင်ဖြစ်သည်။ "တကယ်တော့ နာဂလူမျိုးစုတွေရဲ့ တေးဂီတကို လေ့လာဖို့ အသံဖမ်းယူဖို့အတွက် ကျွန်တော်သွားခဲ့တာပါ။ အမှတ်မထင်ဘဲ အုန်းမောင်း လုပ်မယ်ဆိုတာကို ကျွန်တော်ကြားသိလိုက်ရတယ်။ အဲဒီကနေ တောက်လျှောက်လိုက်ပြီး ရိုက်ကူးခဲ့တာပါ" ဟု Mr.Hiroshi IGUCHI က မှတ်တမ်းရုပ်ရှင်ရိုက်ကူးဖြစ်ခဲ့ပုံအကြောင်းကို ပြောပြသည်။

မှတ်တမ်းရုပ်ရှင်တွင် နာဂလူမျိုးများသည် ၁၀ မီတာရှည်လျားသော အုန်းမောင်းပြုလုပ်ရန်အတွက် တောထဲသို့ဝင်ကာ ပုံစံကျနသည့် သစ်ပင်တစ်ပင်ကိုရှာရသည်။ တွေ့ပါက ထိုသစ်ပင်ကို ခုတ်၊ အခေါက်ကိုချောအောင်လုပ်ပြီး ရွာကို သယ်ယူလာကြသည်။ ရွာကိုသယ်ယူလာပြီးနောက် အုန်းမောင်းပြုလုပ်ရန်အတွက် နှစ်ပတ်ခန့်ကြာ အချိန်ယူအားစိုက်ပြီး ထုဆစ်ကြသည်။ ရွာသားများအားလုံးကလည်း အုန်းမောင်းပြုလုပ်ရာတွင် တစ်စုတစ်စည်းတည်း ပါဝင်လုပ်ဆောင်ကြသည်။

"အုန်းမောင်းလုပ်ပြီးသွားလို့ အသံကြားအောင်တီးကြတဲ့အခါ စကြားတဲ့အချိန်မှာပဲ ကျွန်တော်အလွန်ပျော်သွားတယ်။ အဲ့ဒီကိုရောက်ဖို့ ရိုက်ဖို့ ဒီလိုအသံထွက်ဖို့အတွက်ကို ကျွန်တော်တို့ အမျိုးစုံကြုံတွေ့ဖြတ်သန်းခဲ့ရတာလေ။ ပြီးတော့ ဒီတေးဂီတက အလွန်ရိုးရှင်းတယ်။ သူတို့ရဲ့ နေထိုင်စားသောက်မှုပုံစံနဲ့လည်း တစ်ထပ်တည်းကျတယ်။ ဒါ့ကြောင့် သူတို့ဂီတသည် သူတို့ရဲ့နေထိုင်စားသောက်မှုပုံစံလို့ ကျွန်တော်မြင်မိတယ်။ အင်မတန်လည်းထူးခြားပါတယ်" ဟု Mr.Hiroshi က အုန်းမောင်းပြုလုပ်ပြီးသည့်နောက် ထွက်ပေါ်လာသည့် အသံအပေါ် သူ၏ခံစားချက်ကိုပြောပြသည်။

ယင်းကြီးမားသော အုန်းမောင်းသည် အဝေးကရွာများကို အချက်ပြနိုင်ရန်၊ ရိုးရာဓလေ့ပွဲများတွင် တီးခတ်နိုင်ရန် နာဂလူမျိုးစုများက ယနေ့အချိန်ထိ တန်ဖိုးထားပြုလုပ်ကြခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် ယင်းအုန်းမောင်းမြင်တွေ့နိုင်ရန်မှာ ခက်ခဲသည်ဟုလည်း သိရသည်။

"နာဂဒေသ၊ နာဂလူမျိုးစုတွေကို ကျွန်တော်အလွန်စိတ်ဝင်စားတယ်။ ကျွန်တော် ထပ်သွားဦးမှာပါ။ ပြီးတော့ ကျွန်တော့မှတ်တမ်းရုပ်ရှင်ကနေ သူတို့ရဲ့ ရိုးရှင်းတဲ့ နေထိုင်မှုပုံစံ၊ တေးဂီတတွေကို အများပြည်သူတွေ စိတ်ဝင်စားလာကြမယ်။ တန်ဖိုးရှိတာ တစ်ခုခုကို တွေ့သွားကြမယ်ဆိုရင် ကျွန်တော် ဝမ်းသာမိမှာပါ" ဟု Mr.Hiroshi က ပြောသည်။

**ခင်ဇာလီ**

## ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ကျော်ခဲ့သော Lens တစ်မျိုးကိုပြန်လည်ထုတ်လုပ်မည်



ဒီဇိုင်နာ Willi Merte သည် Biotar အမည်ရသော ကင်မရာသုံးမှန်ဘီလူးတစ်မျိုးကို ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၀ ဝန်းကျင်တွင် ထုတ်လုပ်ရောင်းချခဲ့ကာ အရည်အသွေးကောင်းမွန်သော်လည်း ဈေးနှုန်းမြင့်မားပြီး စစ်ဖြစ်နေသည့် ကာလဖြစ်သောကြောင့် များစွာရောင်းချနိုင်ခြင်းမရှိခဲ့ချေ။ ကောင်းမွန်သည့်အရည်အသွေးရှိသော အဆိုပါ ကင်မရာသုံး မှန်ဘီလူးကို ဓာတ်ပုံရိုက်ကူးသူများနှင့် ရုပ်ရှင်ရိုက်ကူးသူများက အလွန်တောင့်တခဲ့သော်လည်း ဝယ်ယူအသုံးပြုနိုင်သူ နည်းပါးခဲ့သည်။

အဆိုပါ ကင်မရာသုံးမှန်ဘီလူး Biotar ကိုယနေ့ကာလတွင် ပြန်လည်ထုတ်လုပ်တော့မည်ဖြစ်သည်။ ဒီဇိုင်နာ Willi Merte ဖန်တီးထုတ်လုပ်ခဲ့သည့် နည်းပညာကိုအခြေခံကာ ပြန်လည်ထုတ်လုပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး Andre de Winter ဆိုသူက အဆိုပါ Lens ဒီဇိုင်းကို တာဝန်ယူရေးဆွဲပေးမည်ဖြစ်သည်။ ကိုယ်ထည်ပိုင်းကို သံမဏိနှင့် တည်ဆောက်သွားမည်ဖြစ်ပြီး Aperture Blade ၁၅ ခုပါဝင်မည်ဖြစ်ကာ Anti-Reflective Coating ကိုပါ ထည့်သွင်းပေးထားမည်ဟု သိရသည်။

၇၅ မီလီမီတာရှိပြီး Aperture F1.5~16, Optical Elements – 6/4, Minimum Focus – 0.8m, Filter Thread – 58 mm ပါဝင်သော အဆိုပါ ကင်မရာသုံးမှန်ဘီလူးကို လာမည့် ၂၀၁၈ ခုနှစ်တွင် ဈေးကွက်အတွင်းရရှိနိုင်တော့မည်ဖြစ်ကာ ဈေးနှုန်းအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀ ဝန်းကျင်တွင်ရရှိနိုင်မည်ဖြစ်သည်။ ALEX




## Samsung S8 နှင့်ဒီဇိုင်းပိုင်းတူညီသည့် ပုံစံဖြင့် BLUBOO S8

Samsung Galaxy S8 နှင့် ဒီဇိုင်းပိုင်းတွင်တူညီသဖွယ်ရှိပြီး တရုတ်နိုင်ငံအခြေစိုက် မိုဘိုင်းလုပ်ငန်းမှထုတ်လုပ်ထားသော BLUBOO S8 စမတ်ဖုန်းတစ်မျိုး ဈေးကွက်အတွင်းရောက်ရှိနိုင်ဖွယ်ရှိသည်ဟု သိရသည်။ Samsung Galaxy S8 နှင့် ယှဉ်နိုင်ဖွယ် ရှိ-မရှိကိုမူ နည်းပညာသတင်းစာမျက်နှာများတွင် ဖော်ပြထားသော ၎င်းစမတ်ဖုန်း၏ အချက်အလက်များကို ကြိုတင်ကြေညာထားသည်။

မျက်နှာပြင်အကျယ် ၅ ဒသမ ၈ လက်မရှိပြီး Octa-Core MT-K6750OT ပရိုဆက်ဆာပါဝင်ကာ လည်ပတ်မှုစနစ် Andriod 7.0 အသုံးပြုပါဝင်သည်။ RAM ပါဝင်မှုမှာ 3GB နှင့် 4GB ဟူ၍ နှစ်မျိုးရှိပြီး Internal Storage ပါဝင်မှုမှာ 32 GB နှင့် 64 GB နှစ်မျိုးရရှိနိုင်ကာ Micro SD 256 GB အထိ ထပ်မံတိုးမြှင့်တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ကင်မရာပိုင်းတွင် ကျောဘက်ကင်မရာ 16MP+3MP ကင်မရာပါဝင်ပြီး အရှေ့ဘက်တွင် 8+12MP ပမာဏရှိသော ကင်မရာပါဝင်သည်။ လက်ဗွေဖတ်စနစ် ဖုန်း၏အရှေ့ဘက်တွင်ပါဝင်ပြီး ဘက်ထရီစနစ်အတွက် 3450 mAh ပမာအထိပါဝင်မည်ဖြစ်သည်။ လက်ဗွေစနစ်နှင့် ဖုန်း၏လုံခြုံရေးစနစ်တို့အတွက် ၁၀ ကြိမ်အထက်မှားယွင်းမည်ဆိုပါက ဖုန်းကို ပါဝါပိတ်သွားသည့် အခြေအနေဖြစ်အောင် လုပ်ဆောင်သွားမှာဖြစ်သည်ဟုသိရသည်။ Samsung S8 ထက်ပို၍ ဈေးသက်သာသော BLUBOO S8 ကို တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၄၀ ဝန်းကျင်ဖြင့် စတင်ရောင်းချသွားမည်ဖြစ်သည်ဟု လတ်တလောသိရသည်။

ALEX

## ကညာပျိုနဲ့ဇရာအို ရုပ်ရှင်ကို ဘီးကျဲအမည်ဖြင့် ပြန်လည်ရိုက်ကူး

တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သည့် 'ကညာပျိုနှင့် ဇရာအို' ရုပ်ရှင်ကို ယခုအချိန်တွင် ဘီးကျဲအမည်ဖြင့် ဒါရိုက်တာပြည်ဟိန်းသီဟက ပြန်လည်ရိုက်ကူးလျက်ရှိသည်။

"ဒီကားက ကျွန်တော့အဘိုးရိုက်ခဲ့တဲ့ 'ကညာပျိုနဲ့ ဇရာအို' ကိုပြန်ရိုက်တာပါ။ ဇာတ်လမ်းပုံစံကတော့မပြောင်းပါဘူး။ အဘိုးရိုက်ခဲ့တဲ့ဇာတ်ကိုပဲ တင်ပြပုံလေးတွေ၊ တချို့ဇာတ်ဝင်ခန်းလေးတွေပဲ နည်းနည်း ပြောင်းပြီးရိုက်ကူးထားတာပါ" ဟု ဒါရိုက်တာပြည်ဟိန်းသီဟက ပြောသည်။

'ကညာပျိုနဲ့ဇရာအို' ရုပ်ရှင် ဇာတ်ကားကြီးကို ဒါရိုက်တာပြည်ဟိန်းသီဟ၏ အဘိုးဖြစ်သူ ဒါရိုက်တာဘိတ်ကလာတဲ့ ငံပြာရည်မှ ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး သရုပ်ဆောင်များအဖြစ် ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ စံရှားတင်နဲ့ ခင်သန်းနုတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြသည့် ဇာတ်ကားဖြစ်သည်။

"အဘိုးရိုက်ခဲ့တဲ့ကားကို တစ်ကျော့ပြန်ရိုက်ကူးဖြစ်ခဲ့တာက ထုတ်လုပ်သူဘက်က တောင်းဆိုလို့ပါ။ သူတို့ဘက်က အမြတ်အစွန်းဆိုတာထက် ဇာတ်လမ်းကို ကြိုက်တာကြောင့် ပြန်ရိုက်စေချင်တယ်ပြောတယ်။ အဲဒီအတွက်ရိုက်ဖြစ်ခဲ့တာပါ" ဟု ဒါရိုက်တာ ပြည်ဟိန်းသီက ဆက်လက်ပြောသည်။

ယခု ရိုက်ကူးလျက်ရှိသည့် ဘီးကျဲဇာတ်ကားတွင်မူ အဓိကသရုပ်ဆောင်များအနေဖြင့် ပြေတီဦး၊ နေနေ၁်၊ စိုးမြတ်သူဇာနှင့် အိချောပိုတို့ပါဝင်ပြီး အခြား ဟာသအနုပညာရှင်များလည်း ပါဝင်ကြောင်း သိရသည်။

**မေနှင်းဆီ**

## ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရုပ်ရှင်သရုပ်ဆောင်များကို သံတမန်အဖြစ်ခန့်အပ်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့(MORS) မှ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီလူမင်း၊ အကယ်ဒမီခန့်စည်သူ၊ အေးမြတ်သူ၊ မောင်မောင်အေးစသည့် အနုပညာရှင်များနှင့် ဦးအောင်ဇော်ဦး (အရည်ကြို) တို့အား မြန်မာနိုင်ငံယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့၏ သံတမန်များအဖြစ် ခန့်အပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

"အနုပညာရှင်တွေကို သံတမန်အဖြစ်ခန့်အပ်တဲ့အကြောင်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ သာမန်လူပြောတာနဲ့ သူတို့ပြောတာမတူဘူး။ သူတို့ကနာမည်ကြီးအနုပညာရှင်တွေဆိုတော့ ပြည်သူကစိတ်ဝင်စားမှုပိုများတယ်။ သူတို့ပြောတာပိုပြီးထိရောက်တယ်။ အဲဒါကြောင့် ခန့်အပ်တာပါ"ဟု MORS အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောသည်။

အဆိုပါ ခန့်အပ်ခံရခြင်းနှင့်ပတ်သက်၍ အေးမြတ်သူက "အခုလို သံတမန်ခန့်အပ်ခံရတဲ့အတွက် ဝမ်းသာပါတယ်။ ကိုယ့်ရဲ့ကျေးဇူးရှင်ပရိသတ်ကို ကျေးဇူးဆပ်ရာလည်းရောက်တယ်။ ကုသိုလ်လည်းရတယ်။ နောက်ပိုင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတွေကိုလုပ်ဆောင်သွားမှာပါ။ ကိုယ်ကိုယ်တိုင်လည်း ဒေါသကြီးတဲ့ ယာဉ်မောင်းအမျိုးအစားထဲမှာပါတော့ ကိုယ်ကိုယ်တိုင်လည်းဆင်ခြင်သွားမယ်။ ပရိသတ်တွေလည်း သတိနဲ့စည်းကမ်းတကျသွားလာကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟုပြောသည်။

ထို့အပြင် သရုပ်ဆောင်ခန့်စည်သူက "ပရိသတ်တွေဆိုတာဗဟုသုတတွေ အတုံးလိုက်အတစ်လိုက်ပေးဖို့မလွယ်ဘူး။ အနုပညာနဲ့ယှဉ်မယ့် ပရိသတ်တွေလက်ခံနိုင်မယ့် ဟာသဇာတ်ကွက်လေးတစ်ခုဖြစ်ရင်ဖြစ်မယ်။ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ဇာတ်ကွက်လေးတစ်ခုဖြစ်ရင်ဖြစ်မယ်။ အနုပညာနဲ့ယှဉ်တဲ့ မက်ဆေ့လေးတွေပေးဖို့ကြိုးစားသွားမှာပါ" ဟုပြောသည်။

မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သရုပ်ဆောင်ဖိုးသောကြာ၊ ပိုင်ဖြိုးသူနှင့် ဆုချစ်ဇော်တို့အား သံတမန်အဖြစ်စတင်ခန့်အပ်ခဲ့ကြောင်း သိရသည်။

**ဓာနည်မောင်**



## မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျစီမံဆောင်ရွက်



**မြစ်ကြီးနား ဩဂုတ် ၂၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကားကြီးကွင်း၊ ဈေးနှင့် ရေနုတ်မြောင်းများ တိုးချဲ့ဖောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒူကထောင်ရပ်ကွက်ရှိ မူလွန်ကျောင်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများနှင့် ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးသည်။ တပ်ကုန်းရပ်ကွက်ရှိ အဆင့်မြင့်ကားကြီးကွင်းအတွင်း ကားဂိတ်ရုံအဆောက်အအုံများ၊ ကုန်လှောင်ရုံ၊ ဈေး ဆိုင်ခန်းများနှင့် ကားကြီးကွင်းပတ်လမ်းနှင့် ယာဉ်ရပ်နားရန်နေရာများ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် အေးမြသာယာ ရပ်ကွက်အတွင်း အေးမြသာယာ အဆင့်မြင့်ဈေး တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် စနစ်တကျ စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြေမြင့်ရပ်ကွက် ဈေးကြီးလမ်းရှိ ရေနုတ်မြောင်းတိုးချဲ့ဖောက်လုပ်မည့် အခြေအနေနှင့် ရမ်ပူရပ်ကွက် လမ်းဆုံ၌ ရေနုတ်မြောင်းချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လယ်ကုန်းရပ်ကွက် မြို့ပတ်လမ်းပေါ်ရှိ ရေဝင်ပေါက်နေရာမှ တစ်ဆင့် ဧရာဝတီမြစ်ရေ မြင့်တက်လာသောကြောင့် လယ်ကုန်း၊ ရမ်ပူနှင့် ကြက်ပေါင်ခြံရပ်ကွက်များတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်လျက်ရှိရာ ယင်းနေရာအား ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အောင်နန်းရပ်ကွက် တပင်ရွှေထီးလမ်း တိုးချဲ့ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**

## ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးဖွင့်လှစ်

**ထားဝယ် ဩဂုတ် ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး ဖွင့်လှစ်ခြင်းနှင့် ရုံးဆိုင်းဘုတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ ရုံးရှေ့၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးအား မူကြိုကလေးငယ်များက ဖဲကြိုးဆွဲဖွင့်လှစ်ပေးပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဆိုင်းဘုတ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာပက်ဖျန်းကြသည်။

အဆိုပါ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်တွင် ဇူလိုင် ၂၁ ရက်က ဝန်ထမ်း ၃၀၀၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီးပြန်/ဆက်**

# အနာဂတ်ဆယ်စုနှစ်များနှင့်မျက်မမြင်နှုန်းကျဆင်းရေး

**မောင်ပြည့်အောင်**

လာမည့်ဆယ်စုနှစ်လေးခုအတွင်း၌ ကမ္ဘာ့တစ်ဝန်း မျက်မမြင်နှုန်းထားသည် လက်ရှိထက်သုံးဆမျှ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ သတင်းထုတ်ပြန်ချက်များအရသိရပါသည်။ Lancet Global Health သုတေသနအဖွဲ့၏ ကနဦးထုတ်ပြန်ချက်တွင် လက်ရှိဆောင်ရွက်နေသော မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ခြင်းနှင့် ငွေကြေးထောက်ပံ့မှုများပိုမိုထောက်ပံ့ခြင်းမပြုခဲ့လျှင်၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၌ ကမ္ဘာ့တစ်ဝန်းမျက်မမြင်ဦးရေ ၃၆ သန်းရှိရာမှ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ၁၁၅ သန်းထိ တိုးလာနိုင်ခြေရှိကြောင်း ခန့်မှန်းဖော်ပြပါသည်။

### မီးမောင်းထိုးပြ

သုတေသနစာတမ်းကို ဦးဆောင်ရေးသားသူ ယူနိုက်တက်ကင်းဒန်း၊ ကင်းဘရစ်တက္ကသိုလ် (Anglia Ruskin University) မှ Rupert Bourne ကအထက်ဖော်ပြပါ အခြေအနေနှင့် ပတ်သက်၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံး၏စံနှုန်းကို အဆင့်မြှင့်တင်ရန်နှင့် လုပ်ငန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်ဟု မှတ်ချက်ပြုပါသည်။


ကမ္ဘာ့တစ်ဝန်းလူနေမှုစနစ်မြင့်မားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အသက်ကြီး (အသက်ရှည်ရှည်နေရ) သူအရေအတွက် တိုးပွားများပြားလာသောအချက်ကလည်း မျက်မမြင်နှုန်းမြင့်တက်လာရခြင်း၏ နောက်ခံအကြောင်းတစ်ခုဖြစ်၏။ ကမ္ဘာ့လူဦးရေ စဉ်ဆက်မပြတ် တိုးပွားလာသည့်နည်းတူ အသက်ရှည်ကြသူ အရေအတွက်လည်း များနေသည့်အတွက် လူဦးရေအနည်းအများပေါ်မူတည်၍ တွက်ချက်ရသော မျက်မမြင်ဖြစ်သူ၊မျက်စိမှုန်သူတို့၏ အချိုးအစားသည်လည်း မြင့်မားလာရခြင်းဖြစ်ပါသည်။

### စနစ်တကျ စိစစ်လေ့လာ

အထက်ပါ Lancet Global Health သုတေသနအဖွဲ့သည် ကမ္ဘာ့လူဦးရေတိုးနှုန်းနှင့် ပျံ့နှံ့နှုန်းများအပေါ်အခြေခံလျက် မျက်စိမှုန်ခြင်းနှင့် မျက်မမြင်ဖြစ်ပွားမှုများကို နိုင်ငံပေါင်း ၁၈၈ နိုင်ငံတွင် ကနဦးခန့်မှန်းချက်အပေါ်အခြေခံ၍ ထပ်မံလေ့လာ သုတေသနပြုခဲ့ကြပါသည်။ ထိုနိုင်ငံများတွင် အသက်အရွယ်၊ လိင်ကွဲပြားမှုနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေစသည်ဖြင့် စနစ်တကျခွဲခြားလျက် တွက်ချက်သုံးသပ်ခဲ့ကြ၏။ ထို့ပြင် အချိန်ကာလနှင့် နေထိုင်မှုပုံစံကြောင့် လူသားတို့၏ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ပြောင်းလဲလာမှုများကို စနစ်တကျစိစစ် လေ့လာမှုများကိုလည်း ပြုလုပ်ခဲ့ကြ၏။

### မျက်မမြင်နှုန်းကျဆင်းရေး

ထိုလေ့လာမှုများ၏ တွေ့ရှိချက်များက ညွှန်ပြနေသည်မှာ မျက်မှောက်ကာလ၌ ကမ္ဘာ့တစ်ဝန်း သာမန်အမြင်အာရုံချို့ယွင်းသူ (မျက်စိမှုန်သူ) သန်း ၂၀၀ ခန့်ရှိနေပြီး ဤအခြေအနေသည် ၂၀၅၀ ပြည့်နှစ်တွင် သန်း ၅၅၀ ခန့်ထိဖြစ်လာနိုင်သည်ဟု မျှော်လင့်ရကြောင်းဆိုပါသည်။ သို့ဖြစ်ရာ အနာဂတ် ဆယ်စုနှစ်များတွင် ဖြစ်နိုင်ခြေရှိနေသော မျက်မမြင်နှုန်း မြင့်မားလာမှုကို ထိမ်းချုပ်ရန်နှင့် ကျဆင်းလာစေရေးအတွက် ယခုကတည်းကကြိုးပမ်းကြရန် လိုအပ်လာပြီဖြစ်ပါသည်။



ဓနအင်အားတောင့်တင်းသော ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်ကြုံတွေ့နေရသော အမြင်အာရုံချို့တဲ့မှု (မျက်စိမှုန်ခြင်း)၏ အကြောင်းရင်းခံများသည် သိမ်မွေ့သောသဘောရှိပြီး ကာယကံရှင်၏ နေထိုင်မှုပုံစံ (Life Style) နှင့်အထူးသဖြင့် သက်ဆိုင်နေကြောင်း သုတေသနအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ Bourne ကပြောပါသည်။ ယခုလက်ရှိ လူနေမှုအဆင့်အတန်းနှင့် ဓနအင်အား လျော့ကျမသွားစေရေးအတွက် ကြိုးစားနေကြသော လူမှုအသိုင်းအဝိုင်းအတွင်း မျက်စိမှုန်ခြင်းမဖြစ်စေရန်နှင့် လျော့ကျလာစေရန် ပညာရှင်များက ကြိုးပမ်းကြရာတွင်လည်း ၎င်းတို့၏ ပညာရေး၊စီးပွားရေးဆိုင်ရာ အလုပ်များ (မျက်စိအလွန်အမင်း အသုံးချမှုများ) အား ကန့်သတ်ခြင်း၊ လျှော့ချရန်တိုက်တွန်းခြင်းများ ပြုရမည်ဖြစ်ရာ သက်ဆိုင်သူများ၏ အခွင့်အရေးများကို ပိတ်ပင်ရာရောက်သည့်အတွက် ပညာရှင်များအနေဖြင့် ချင့်ချင့်ချိန်ချိန် ဆောင်ရွက်ကြရပါမည်။ ကာယကံရှင်ကိုယ်တိုင် လက်ခံနိုင်လောက်သည့် အကျိုးအကြောင်းဆီလျော်သော အကြောင်းပြချက်များကို ရှာဖွေ၍ ဆွေးနွေးပြောဆိုကြရပါမည်။ အကြံပြုချက်များဖြင့် လိုက်နာလာအောင် ကြိုးစားကြရပါမည်။

ကမ္ဘာ့တစ်ဝန်းရှိ ဒေသဆိုင်ရာဖွံ့ဖြိုးဆဲနိုင်ငံများ (အထူးသဖြင့် အရှေ့တောင်အာရှနှင့် အာဖရိကနိုင်ငံများ)၌ မျက်မမြင်နှင့်မျက်စိမှုန်သူလျော့ကျလာစေရေးအတွက် အရေးကြီးသောအချက်မှာ သက်ဆိုင်ရာဒေသ၏ ပြည်သူ့ကျန်းမာရေးပေါ်လစီများ ဖွံ့ဖြိုးတိုးတက်လာစေရေးပင်ဖြစ်ကြောင်း သုတေသီတို့က ယုံကြည်ကြပါသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ အတွင်းတိမ်ခွဲစိတ်ကုသမှုနှင့် မျက်မှန်တပ်ရန်လိုသူများအား မျက်မှန်ပေးနိုင်ရေးကိစ္စရပ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံကြရန်လည်း လိုပါသည်။

### ပြည်သူ့ကျန်းမာရေး တိုးတက်ရေး

ထိုကဲ့သို့ ဒေသဆိုင်ရာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးစီမံချက်များ တိုးတက်စေရေးအတွက် စိတ်ချသေချာသော စီမံဆောင်ရွက်မှုမှာ ပြည်ပနိုင်ငံကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်းပင်ဖြစ်ကြောင်း သုတေသီတို့က အဆိုပြုပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်နည်းခြင်း၊ လုပ်သားအင်အား လိုသလောက်ရနိုင်ခြင်းနှင့် လုပ်ခလစာသက်သာခြင်းစသည့် အားသာချက်များက ရင်းနှီးမြှုပ်နှံသူများ နှစ်သက်သောအချက်များဖြစ်ကြောင်း ထောက်ပြကြပါသည်။

### မျက်စိကျန်းမာရေးစောင့်ရှောက်

သုတေသနအဖွဲ့ဝင်ဖြစ်သူ မျက်စိကျန်းမာရေး စောင့်ရှောက်မှု ပရဟိတအဖွဲ့မှ Imran Khan က ထိုအချက်ကို ထောက်ခံပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်စိအထူးကုဆရာဝန်များ ပိုမိုစေလွှတ်ပေးရေးနှင့် ကျွမ်းကျင်သောသူနာပြုများ၊ ပညာရှင်များမွေးထုတ်ပေးနိုင်ရန်အတွက် လေ့ကျင့်သင်ကြားမှုများကိုစဉ်ဆက်မပြတ် ပြုလုပ်ပေးရန်လည်း အရေးကြီးကြောင်းကို ထပ်မံအကြံပြုပါသည်။

*Reference :*

*Global blindness rates expected to soar within a few decades By Sally Robertson, BSc(August 3,2017).*

## မြဝတီခရီးသွားလုပ်ငန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)

သံဝေဇနီယလေးဌာန (၇)ညအိပ်/(၈)ရက်ခရီးစဉ် (စရန် ၂သိန်း + USD 650)
(4Oct, 25Oct / 15Nov / 6Dec, 27Dec / 17Jan / 7Feb, 28Feb / 21Mar )
သံဝေဇနီယလေးဌာန + နယူးဒေလီ ဟိုတယ်(၁)ည (၁၄)ညအိပ်/(၁၅)ရက်ခရီးစဉ် (စရန် ၂သိန်း + USD 800)
(4Oct, 25Oct / 15Nov / 6Dec, 27Dec / 17Jan / 7Feb, 28Feb / 21Mar )

4Oct (၁၄ညအိပ်/၁၅ရက်) ခရီးစဉ်အတွက် အထူး Promotion အနေဖြင့် တစ်ဦးလျှင် (စရန် ၂သိန်း + USD 775) ဖြင့် ယခုပင် ကြိုတင်၍စာရင်းပေးသွင်းနိုင်ပါသည်။

အောက်တိုဘာလဆန်းမှ စ၍ တစ်လ(၂)ကြိမ် ထွက်ခွာပါမည်။ သီတင်းကျွတ်လပြည့်နေ့(၅. ၁၀. ၂၀၁၇) နေ့တွင် ဗုဒ္ဓဂယာမြေမြတ်မဟာ၊ "မဟာဗောဓိစေတီတော်ကြီး"တွင် ရွှေကြာသက်န်း၊ ပန်း၊ ရေချမ်း လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ ဘုရားဖူးလိုက်ပါလိုသူများအမြန်ဆက်သွယ်နိုင်ပါသည်။

ခရီးသည် (၁၆)ဦးလျှင် (၁)ဦး အခမဲ့ပေးပါမည်။ ကုမ္ပဏီများ၊ အသင်းအဖွဲ့စည်းများအတွက် အထူးလျှော့ဈေးဖြင့် ဆောင်ရွက်ပေးပါမည်။

နိုင်ငံကူးလက်မှတ်မရှိသေးသူများ တစ်လ ကြိုတင်စာရင်းပေးသွင်းရပါမည်။

ဖုန်း -၀၁၂၅၁၂၂၉၊ ၂၄၁၀၁၀၊ ၂၅၂၈၆၉၊ ၀၉၉၆၃၂၀၃၃၆၃၊ ၀၉၂၅၀၇၇၂၉၁၄
ရုံးချုပ်လိပ်စာ -အမှတ်(၄၄၊၄၅/A၊၄၅/B)၊ ဒုတိယထပ်၊ Classic Strand Condominium၊ ကုန်ဈေးတန်းလမ်းနှင့်ကမ်းနားလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



Access Cherry Travels & Tours Co., Ltd. မှ စီစဉ်သော
၁၁၁၅/၂၀၁၀-၂၀၁၁
ပြည်ပထွက်ခွာခွင့်-၀၁၁၃

## ဗောဓိသစ္စာ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (အိန္ဒိယ–နီပေါ)

- ၈ – ရက် ခရီးစဉ် 4Oct,4Dec,2Jan,9Feb,6Mar,10Apr ၁၀.၅ သိန်း
- ၈ – ရက် ခရီးစဉ် (Hotel တည်း) USD 1050
- ၁၂ – ရက် ခရီးစဉ် 18Nov,30Dec,17Feb ၁၀.၅ သိန်း
- ၁၅ – ရက် ခရီးစဉ် 14Oct,10Nov,15Dec,16Jan,26Mar,6Apr ၁၂.၅ သိန်း

ဘုရားဖူးခရီးစဉ်များကို အောက်တိုဘာလဆန်းမှ စတင်ထွက်ခွာမည်ဖြစ်ပါသောကြောင့် '၂–လ' ကြိုတင်၍ စာရင်းပေးသွင်းနိုင်ပါသည်။

သံဃာတော်/သီလရှင်များအတွက် တစ်သိန်းကျပ် လျှော့ဈေးဖြင့် ကုသိုလ်ပြုပို့ဆောင်ပေးပါသည်။ နယ်စေးမှ လိုက်ပါလိုသူများအတွက် အကြိုအပို့နှင့်တည်းခိုနေထိုင်မှုအတွက် အခမဲ့စီစဉ်ပေးပါသည်။ မိသားစု၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအတွက် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။

အမှတ်(၂၉) ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-43053066, 952223177, 952223199, 794843429, 259813831



## ဂန္ဓဝင်ရွှေပုဂံအပြည်ပြည်ဆိုင်ရာဗုဒ္ဓဂါယာဘုရားဖူးအေဂျင်စီ

လိုင်စင်အမှတ် (ပခ-၀၀၂၁)

- သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ) နှင့် တာ့ချ်မဟာ၊ နယူးဒေလီတွင် ဟိုတယ် (၂) ညတာတည်းခိုခွင့် (Monastery Package) (စရိတ်ငြိမ်းအပြီးအစီး) — (၁၄ညအိပ်/၁၅ရက်) ခရီးစဉ် (၁၃သိန်း) ကျပ်တိတိ
  ထွက်ခွာမည့်နေ့ရက်များ– အောက်တိုဘာ ၃၊၂၄၊ နိုဝင်ဘာ ၁၃၊၂၈၊ ဒီဇင်ဘာ ၁၈၊ ဇန္နဝါရီ ၁၆၊ ဖေဖော်ဝါရီ ၆၊၂၄၊ မတ်လ ၂၀၊ ဧပြီ ၅၊၉။
- သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ) (Hotel Package) (စရိတ်ငြိမ်းအပြီးအစီး) — (၇ညအိပ်/၈ရက်) ခရီးစဉ် (USD - 980)
  ထွက်ခွာမည့်နေ့ရက်များ– အောက်တိုဘာ ၆၊၂၄၊ နိုဝင်ဘာ ၂၁၊၂၈၊ ဒီဇင်ဘာ ၂၅၊ ဇန္နဝါရီ ၁၆၊ ဖေဖော်ဝါရီ ၁၃၊၂၄၊ မတ်လ ၁၂၊ ဧပြီ ၁၃။

(Ygn Office) : No. 67, Baho Road, Sanchaung. Ph: 01- 519292, 519293, 519360, 500191, 510491
(MDY Office): 38 Road, Bet,78x79 Street, Mandalay. Ph: 09 - 31693339, 09-73013856
Hot Line: 09 - 790901466



## DELIGHT

JI

Compressed Air Solution Provider

Our Services
- Design
- Supply
- Installation
- After Sale Service
- Spareparts

WE SERVICE AIR COMPRESSORS

Show Room(I) & Service Center
No.(1096, 1097,1098), Sayar San Road, 27th Ward, near Pinlon Hospital, North Dagon Township,Yangon.

Show Room(II)
No.(9), Ngar Man Aung Pagoda Street, 33rd Ward, North Dagon Township, Yangon,Myanmar. 11421

Office Tel: (+95)18010470, (+95)18010644 Fax: (+95)1581430
(+95)9 974 400 800, (+95)9 964 181 430, (+95)9 964 281 430, (+95)9 964 381 430
Hot Line:(+95)9 974 400 800 E-Mail : caservice@joyanceintl.com mmw.delight@joyanceintl.com



## AAS Air.con
Sales & Services

| | | |
|---|---|---|
| Electrolux | 1HP | 400000/- |
| Mitsubishi | 1HP | 400000/- |
| Panasonic | 1HP | 340000/- |
| Chigo | 1HP | 260000/- |
| TCL | 1HP | 245000/- |

ရန်ကုန်မြို့နှင့်အနီးဝန်းကျင်မြို့များတွင် အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။

| | |
|---|---|
| သဃ်န်းကျွန်းဆိုင်ခွဲ 01-573811,578957 | ရွှေပြည်သာဆိုင်ခွဲ 09-8614140 |
| တာမွေဆိုင်ခွဲ 09-5054228 | လှိုင်သာယာဆိုင်ခွဲ 09-420033464 |
| (၄၈)လမ်းဆိုင်ခွဲ 09-420071954 | စမ်းချောင်းဆိုင်ခွဲ 09-450236294 |


သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့


## Mercury
TRAINING CENTRE

Engineering Training Centre

ဖွင့်လှစ်မည့်သင်တန်းများ

| | | |
|---|---|---|
| EER (R III/4) | 1 Week + 2Weeks | (September) |
| Able Engine (R III/5) | 1 Month + 2 Weeks | (September) |
| Workshop Skills | 5 Months | (September) |
| MEO Class III (BMES) (600)hrs | 5 Months | (September) |

Mercury Training Centre ဒေါပုံသဘော်ကျင်းဝင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
09792236865 , 09792236855, 09792236863, 09796833736



Golden Eden အမှတ်တံဆိပ် မှ ဇီပ်ယာစင်း စောင် ခေါင်းအုံး ဖက်လုံး တို့မှာ
- နူးညံ့ ပျော့ပျောင်း မှု ရှိခြင်း
- ဆေးရောင် မကျွတ်ခြင်း
- အသီး မထခြင်း
- စောင် ခေါင်းအုံး ဖက်လုံး များတွင် အရေအသွေး ပြည့်မှီ သော Microfibre များ ထည့်သွင်း ထားသောကြောင့်ဖော်နာခြင်း ရေလျှော်ပြီး Microfibre များ လုံးသွားခြင်း (လုံး၀ လုံး၀) မရှိခြင်း
- လေဝင် လေထွက် ကောင်းမွန်အောင် ပြုလုပ်ထားခြင်းကြောင့် ဈေးထွက်များသူများ၏ ကျန်းမာရေးအတွက်လည်း သင့်တော်ခြင်း
- Golden Eden မှ စောင်များမှာ အထူ၊ အပါး ပုံစံနှစ်မျိုး လာသောကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတု မရွေး အသုံးပြုနိုင်ပါသည်

GOLDEN EDEN
SLEEP SOLUTIONS

Imported from Singapore
- GoldenEdenSleepSolutions
www.goldenedensleepsolutions.sg

လက်လီ ၊ လက္ကား ရောင်းဝယ်လိုသူများ ဆက်သွယ်ရန်
မြန်မာပြည် ဖြန့်ချိရေး
Kaday Myaing Co.,Ltd
01-203671 / 205756



## KONICA MINOLTA
Printing Solutions

(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ

သင့်လုပ်ငန်းအတွက် ဘက်စုံသုံး Solutions များစွာ ပေးနိုင်သည့် မိတ္တူစက်

KBZ BANK နှင့် ooredoo လက်ရှိအသုံးပြုနေသည်။

While Stock Last
Starting at $595

Multifunction A3 Copier bizhub 287 Duplex Print | Copy | Scan

Multifunction A3 Copier bizhub206 Duplex Print | Copy | Scan

Multifunction A3 Copier bizhub165e Print | Copy | Scan

Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980, 09 253 547 981

For Reseller: 09 799 595 997, 09 977 890 336

www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com

CB BANK

SILVER JUBILEE 1992 - 2017 25th
ငွေရတုနှစ်ပတ်လည်

# CB Bank ငွေရတု ဆုတောင်း သဝဏ်လွှာ

ဩဂုတ်လ (၂၁)ရက်နေ့တွင် ကျရောက်သည့် CB Bank ၏ ငွေရတု နှစ်ပတ်လည်နေ့၌ မြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မိဘပြည်သူ၊ ညီအစ်ကို မောင်နှမများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း CB Bank မိသားစုမှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။ CB Bank စတင်ထည်ထောင်သည့် ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်မှစ၍ ယနေ့ထက်အထိ ဘဏ်လုပ်ငန်းနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် အတွက်အဘက်ဘက်မှပိုင်းဝန်းကူညီပံ့ပိုးပေးပါသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မိတ်ဖက်ဘဏ်များအားလည်းကောင်း၊ CB Bank နှင့် ကာလကြာမြင့်စွာ ယုံယုံကြည်ကြည် ဆက်သွယ်အားပေးကြသော မိတ်ဟောင်းမိတ်သစ် Customer များအားလည်းကောင်း၊ အတူတကွ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များအားလည်းကောင်း၊ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် အစဉ်ကြိုးစား ဆောင်ရွက်ပေးလျက်ရှိသော ဘဏ်ဝန်ထမ်းများအားလည်းကောင်း၊ CB Bank မိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း နှင့် နောင်တွင်လည်း CB Bank မှ အဆင့်မြင့် နည်းပညာများကို အခြေခံ၍ အချိန်နှင့်တစ်ပြေးညီပိုမိုကောင်းမွန်သော ဘဏ်ဝန်ဆောင်မှုများအားဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် Customer များမှ ယုံကြည်စိတ်ချစွာဖြင့် အစဉ်အမြဲ အတူလက်တွဲ ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**CB Bank မိသားစု**

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှု ဆောင်ရွက်ပေးနေသည့် CB BANK သည် ယနေ့ (၂၁.၈.၂၀၁၇) ရက်နေ့တွင်ကျရောက်သည့် (၂၅) နှစ်ပြည့် ငွေရတုသို့တိုင် အောင်မြင်မှုများရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- KMA Group of Companies
- Golden Myanmar Airlines Public Company Limited
- Hantharwaddy Development Public Company Limited
- New City Development Public Company Limited
- Kaytumadi Development Public Company Limited
- Citizen Business Public Company Limited
- Citizen Business Insurance Public Company Limited
- Danya Gone Yee Development Public Company Limited
- Maw Shan Development Public Company Limited
- Tada-U New City Development Public Company Limited

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှု ဆောင်ရွက်ပေးနေသည့် CB BANK သည် ယနေ့ (၂၁.၈.၂၀၁၇) ရက်နေ့တွင်ကျရောက်သည့် (၂၅) နှစ်ပြည့် ငွေရတုသို့တိုင် အောင်မြင်မှုများရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- World Local Trading Co., Ltd
- URANUS Co., Ltd
- Myanmar Golden Rock International Co., Ltd
- Shwe La Win (Modern Furniture)
- Next Tier Trading Co., Ltd
- SM Asia Corporation Co., Ltd
- Integrated Computer Expertise (ICE)
- DZ Card (Thailand) Ltd
- Castles Technology Co., Ltd
- Chan Wanich Security Printing Co., Ltd.(CSP)
- Secure Plus Printing
- N.W. Printing & Post Press Centre
- Real Fitness Co.,Ltd
- Shwe Nwe Yoe Media & Advertising

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှု ဆောင်ရွက်ပေးနေသည့် CB BANK သည် ယနေ့ ( ၂၁. ၈. ၂၀၁၇ ) ရက်နေ့တွင်ကျရောက်သည့် (၂၅) နှစ်ပြည့် ငွေရတုသို့တိုင် အောင်မြင်မှုများရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- KAYTUMADI COMPANY Ltd.
- KAYTUMADI SERVICES Ltd.
- PETRO KAYTUMADI Ltd.

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှု ဆောင်ရွက်ပေးနေသည့် CB BANK သည် ယနေ့ ( ၂၁. ၈. ၂၀၁၇ ) ရက်နေ့တွင်ကျရောက်သည့် (၂၅) နှစ်ပြည့် ငွေရတုသို့တိုင် အောင်မြင်မှုများရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

Hein Si Group of Compaines

CB BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူ **Customer** များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေ့ရှု ဆောင်ရွက် ပေးနေသည့် **CB BANK** သည် ယနေ့ (၂၁.၈.၂၀၁၇) ရက်နေ့တွင်ကျရောက်သည့် (၂၅) နှစ်ပြည့် ငွေရတု သို့တိုင် အောင်မြင်မှုများရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

-Unique Asia Group Of Companies
-Unique Asia Gate Travels & Tours
-Unique Asia Gate Construction Developer Group Ltd.
-Unique Asia Gate Ltd.

CB BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူ **Customer** များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေ့ရှု ဆောင်ရွက် ပေးနေသည့် **CB BANK** သည် ယနေ့ (၂၁.၈.၂၀၁၇) ရက်နေ့တွင်ကျရောက်သည့် (၂၅) နှစ်ပြည့် ငွေရတု သို့တိုင် အောင်မြင်မှုများရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

-Wave Plus Purified Drinking Water
-King Bridge Hotel & Resort
-Ever Light Company Limited

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်

Hospitality & Business Management Academy

စာတွေ့၊ လက်တွေ့၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။




Diploma in Hospitality Management

- Tourism Management Course
- Front Office Management Course
- Food and Beverage Management Course
- Sales and Marketing Management Course
- Housekeeping Management Course
- Human Resources Management Course

လျှောက်လွှာပိတ်ရက် - (၄.၉.၂၀၁၇)

အမှတ် (၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်။ ဖုန်း- (၀၁) ၅၂၃၂၀၀၊ ၂၃၀၄၀၂၀၊ ၂၃၀၄၀၂၁၊ ၅၂၃၆၂၃၊ ၀၉ ၅၀ ၂၀ ၃၀၂ www.star-resourcesacademy.com

ဒီနာ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 900 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ ၂၊ ၁၆၊ ၃၀၊ နိုဝင်ဘာ ၆၊ ၁၃၊ ၂၁၊ ၂၇၊ ဒီဇင်ဘာ ၁၁၊ ၁၉*၊ ဇန်နဝါရီ ၈*၊ ၁၅*၊ ၂၃*၊ ၂၉၊ ဖေဖော်ဝါရီ ၅၊ ၁၂၊ ၁၉၊ ၂၆၊ မတ် ၅၊ ၁၂၊ ၁၉၊ ၂၆၊ ဧပြီ ၂၊ ၃၊
(* ဖော်ပြထားသော ဆောင်းရာသီခရီးစဉ်များကို ၅၀၀၀၀ိ/- လျှော့ပေးပါသည်။)
- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 1050 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ ၆၊ နိုဝင်ဘာ ၃၊ ဒီဇင်ဘာ ၄၊ ဇန်နဝါရီ ၁၊ ဖေဖော်ဝါရီ ၆၊ မတ် ၅၊ ဧပြီ ၁၀၊ ၁၃၊ (ဟိုတယ်တည်း)
- သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်) 1350 USD

သက်တမ်းရှိနိုင်ငံကူးလက်မှတ်လက်ဝယ်ကိုင်ဆောင်ထားသူများကို အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးပါသည်။

ဒီနာ ဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ မိတ်လေ့ကားအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ရွှေဂေတီလမ်း၊ စမ်းချောင်း။ ဖုန်း- 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664
မရှိမဒေသသာသနာပြုအဖွဲ့ - အမှတ်(၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဝတန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216 , 555173
မန္တလေးရုံးခွဲ - (I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း - 09 402 64 8989, 09 5300305

Home Since 1996
Think of House, Think of Home

မိသားစု ကျန်းမာရေးအတွက် အထူးသင့်လျော်ဆုံး
Healthy Floor ကျန်းမာရေးကြမ်းခင်း

မိုးရာသီ အထူး Promotion
BUY 1 GET 1
* Selected items only










https://www.facebook.com/HomeDistributionGroup/ တွင် ဝင်ရောက်လေ့လာနိုင်ပါသည်

- အမှတ်(၁၁)၊ ဗင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး အင်းစိန်မြို့နယ်၊ ရန်ကုန်။
- Building(N), အခန်း (33,34) သိရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေးဝင်းအနီး၊ မြောက်ဥက္ကလာပ။

HOTLINE: 09-79 700 70 71
09-79 700 70 81

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုံရွာ) (ပေါ်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၀)ခုတွင် ဝယ်ယူနိုင်ပါသည်




Update များ အမြဲပြုလုပ်နေသော GIS Map
Digital Maps of YANGON MYANMAR
dps MAPS

- ရန်ကုန်မြေပုံများကို ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် အသေးစိတ်အချက်အလက်များ ထုတ်လိုလျှင်သော်လည်းကောင်း။
- မိမိလုပ်ငန်းအတွက် လိုအပ်သောမြေပုံမှ တစ်စိတ်တစ်ဒေသကို ပုံကြီးချဲ့၍ ထုတ်လိုလျှင်သော်လည်းကောင်း။
- မိမိလုပ်ငန်းနှင့် သက်ဆိုင်သော အချက်အလက် လမ်းကြောင်းများကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်၍ ထုတ်လိုလျှင်သော်လည်းကောင်း။

ဝန်ဆောင်မှုများကို အချိန်တိုအတွင်း အမြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။ Yangon Map ကို GIS/Google Map Softcopy ဖြင့်လည်း ရရှိနိုင်ပါပြီ။

Address 1 : No.167, 35th Street, KTDA Tsp, Yangon.
Address 2 : Yae Kyaw Complex, Rm No.307, 3rd Floor, Pazundaung Township, Yangon.
Phone : 09 774 204020, 775 204020, 455 204020, 5030177, 01 204020
Email : dpsmap@gmail.com
Facebook : facebook.com/DPSMyanmar
Web : www.dpsmap.com




သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး


ONE TEA
နို့ဆီချောင်း
၅၀ ကျပ်

CGM F & B
facebook Page ကို Like & Share လုပ်ပြီး
ဖုန်းကံထူးရှင် ဖြစ်လိုက်ပါ



အထုပ်တိုင်းတွင် ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OKs ခဲခြစ်ကံစမ်းမဲများ ပါရှိသည်။
09 5178737 CGM F & B

Organized by MPS
Co-Organized by Ministry of Industry
The 2nd INTERNATIONAL TECHNOLOGY & INDUSTRY SHOW 2017
နိုင်ငံတကာနည်းပညာပြပွဲကြီး
August 25th to 27th, 2017
MICC - II , Nay Pyi Taw
Diamond Sponsors
YOMA CPCL JCB
KING ROYAL TECHNOLOGIES CO.,LTD
Gold Sponsors
NY REPASSA POPULAR Midea G.L.C. TATRA HOGO FUJI xerox G-SCAN2 HESHBON UMG KYOCERA Hendrix
09 788000966, 09 43096666, 01 513903 / : mpsexhibition@gmail.com, zarnimgmg@gmail.com

Best Professional Rental Services Forever, Just Remember SONIC STAR ...!
SONIC STAR
Car Rental & Ticketing
15% Discount

မိုးရာသီအထူးအစီအစဉ်
ဩဂုတ်လ (၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့ထိ
ပျော်ရွှင်စရာခရီးဘဲသွားသွား
လုပ်ငန်းကိစ္စခရီးဘဲသွားသွား လုံခြုံစိတ်ချမှုရှိဖို့နှင့်
စိတ်ချမ်းသာမှုအပြည့်ဝရစေဖို့အတွက်
ဝန်ဆောင်မှုအကောင်းဆုံးကားအငှားလုပ်ငန်းဖြစ်သော
Sonic Star Myanmar Car Rental လုပ်ငန်းနှင့်ဆက်သွယ်လိုက်ပါ။
Phone: 09 426 999 100, 09 426 999 300
ဆောနစ်စတား အကောင်းဆုံးကားအငှားဝန်ဆောင်မှုလုပ်ငန်း

သွားလှမှ အပြုံးလှမယ်

Finest Swiss Oral Care
"ထရီဇာ" အမှတ်တံဆိပ် ဆွစ်ဇာလန်နိုင်ငံထုတ်
အကောင်းဆုံး သွားတိုက်တံနှင့် သွားတိုက်ဆေးများ
Trisa OF SWITZERLAND
Authorised Distributor
ZAR & ZAR Co., Ltd.
Tel : (01)8604552, 8604553, 8604554.

San brotherhood
"ခရီးဆောင်ခမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြန်မြန် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း

အဝတ်လျှော်စက် 200,000Ks
အဝတ်လျှော်စက် 230,000Ks
အဝတ်လျှော်စက် 135,000Ks
အဝတ်ညှစ်စက် 75,000Ks
1HP 290000Ks
တပ်ဆင်ပြီးဈေးနှုန်း
(၃နှစ်အာမခံ)
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒဂုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုဓမ္မာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း အမှတ်-၁၂၅၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၀၁၀၇၅၊ ၃၉၂၉၆

ဒဂုံမြို့သစ်
အငှားပိုင်း
အိမ်ဝင်းမြေ
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

BODY FITNESS
MUSCLE & SPORTS CENTRE
အမျိုးသမီး အမျိုးသား ကိုယ်ကာယ သင်တန်းခန်းမ
သင့်ကိုယ်ခန္ဓာ အချိုးအစား ပြေပြစ်လှပချင်ပါသလား?
BODY FITNESS

တည်နေရာ - အခန်း ၁၀၅၊ (ပ)ထပ်၊ မွေစေတီလမ်း၊ Yuzana Business Tower၊ မြို့ကြီးကုန်း၊ ရန်ကုန်။ ဖုန်း - ၀၁ ၅၀၁ ၂၉၄

CB BANK

CELEBRATING 25 YEARS

( ၂၅ ) နှစ်ပြည့် ငွေရတု တိုင်အောင် အောင်မြင်မှုများအတွက်
များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် နောင်တွင်လည်း Customer များအား
ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်သော ဘဏ်အဖြစ် အဓွန့်ရှည် တည်တံ့ပါစေကြောင်း
OK$ မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

OK$

okdollarapp okdollar.com

INTERNET WALLET MYANMAR LIMITED

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ရန်ကုန်–ပုသိမ်လမ်းမ၊ လှိုင်သာယာတိုးကိတ်အနီး မျက်နှာစာပေ(၈၀)×နောက်ဖေ(၆၇၀)၊ အဆောက်အဦ ပါ။ မြေပိုင်/အုတ်ခံကြီး ၁၈ဧ 2500L
Ph: 09-785084831

**ကောင်းမြတ်**
ယာဉ်မောင်းသင်တန်း
အချိန်တိုအတွင်း အိမ်အရောက် အမြန်သင်ပေးသည်။
ဖုန်း–၀၉ ၉၇၃၇၄၈၀၇၉

ဝါတွင်းအထူးလျှော့ဈေးဖြင့်
(ရောင်း/လဲ)မည်
မရမ်းကုန်းမြို့နယ်၊ သာယာအေး(၂)လမ်း၊ ထောင့်ကွက် (၆၅ပေ×၇၅ပေ) ဘိုးဘွားအမည်ပေါက် (သိန်း ၄၈၀၀) ညှိနိုင်း
ဖုန်း-၀၉-၅၁၉၇၇၇၇၊ ၀၉-၇၉၅၁၉၇၇၇၇

**ပြည်လမ်းမတန်းခြံ ရောင်းမည်။**
ပြည်လမ်းမတန်း။ (၈)မိုင်၊ မရမ်းကုန်း (၄၈ ပေ × ၇၀ ပေ)
လုံးချင်းနှစ်ထပ်တိုက် ရောင်းမည်။ (ပွဲစားမလို)
ဆက်သွယ်ရန် 09 77 22 33 777



## အထူးကျေးဇူးတင်ရှိခြင်း

၁၃-၈-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ပြီး ၁၇-၈-၂၀၁၇ ရက်နေ့တွင် ရေဝေးသုသာန်၌ ဈာပနအခမ်းအနား ကျင်းပခဲ့သော ဦးအောင်ရွှေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း)အား မကျန်းမာစဉ်က စောင့်ရှောက်ခဲ့ကြသူများ၊ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ခဲ့ကြသူများ၊ ဈာပနအခမ်းအနားအတွက် အစမှ အဆုံးတာဝန်ယူဆောင်ရွက်ပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခွေပန်းခြင်းများ ပေးပို့ခဲ့ကြသော သံရုံးအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းစာမှ ဝမ်းနည်းကြောင်း နှစ်သိမ့်ပေးခဲ့သူများ၊ အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် မိတ်သင်္ဂဟများ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ အားလုံးကို ကျန်ရစ်သူမိသားစုနှင့်မိတ်ဆွေများက အထူးကျေးဇူးဥပကာရတင်ရှိကြောင်း ပြန်ကြားလိုပါသည်။

အထူးအားဖြင့် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းအပါအဝင် နိုင်ငံရေးနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း။

ထို့မှတစ်ပါးလည်း ဝိတိုရိယဆေးရုံကြီး၏ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ CEO ဒေါက်တာဒေါ်အေးအေးစန်း၊ Hospital Director ဒေါက်တာဦးတင်ဝင်း၊ Medical Director ဒေါက်တာဦးကျော်ဇင်ဝင်း၊ သမားတော်ကြီး ဒေါက်တာဦးစောအောင်၊ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးသန်းထိုက်အောင်၊ Supply Chain Director ဒေါက်တာဦးဇေယျာလင်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝိတိုရိယဆေးရုံ CCU မှ M.O များနှင့် Staff များအားလည်းကောင်း အထူးတလည် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**

---

## ဦးခင်စိုး (ခ) ကိုဒီလုံး
### အသက် (၆၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ (၂)လမ်း၊ အမှတ်(၁၁၇၀)နေ [ဦးဟုတ်စိန်-ဒေါ်စိန်ရှင်(ခ)ဒေါ်ဘုတ်ဆုံ]တို့၏ သား၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေ (ဦးတင်ရ-ဒေါ်ကြင်မြိုင်)တို့၏ သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ(၂)လမ်း၊ အမှတ်(၁၁၇၀)နေ ဒေါ်ခင်သိန်းမြင့်(ခ)ဒေါ်တရုတ်မ၏မောင်၊ ကိုလှမိုး-မစန်းစန်းမြင့်၊ ကိုတင်ထွဋ်-မနု၊ (ကိုမိုးငယ်)-မစန်းစန်းညို၊ ကိုဇော်ဝင်းထွန်း(ခ)ကိုပုံးစိ၊ ကိုအောင်ကြီး-မစန္ဒာ၊ ကိုလှမျိုးအောင်၊ ကိုအောင်ကြည်စိုး၊ ကိုဇော်လင်းထွန်း၊ ကိုညီညီထွေး(ခ)ကျော်ကြီးတို့၏အစ်ကို၊ မောင်အောင်ခေတ်ပိုင်(ခ)နို့ပူး၏ဦးလေး၊ ကိုကျော်စိန်-ဒေါ်စောနန်းဦး၊ ကိုတင်ဦး-မမြင့်မြင့်သန်း၊ ကိုချစ်ပို-မမြင့်မြင့်စန်း၊ မော့တောင်နေ ဗိုလ်ကြီးကျော်နိုင်(ငြိမ်း)-ဒေါ်ဝါဝါလွင် (PPTဆီအုန်းကုမ္ပဏီ)တို့၏အစ်ကို၊ မသိမ့်နန္ဒာစိုး၊ မသင်းဇံဖြူ ဗိုလ်ကြီး ထက်ဇေလင်းတို့၏မွေးသဖခင်၊ မောင်ပြေစစ်ဘုန်းလင်း၏အဘိုး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ(၄)လမ်း၊ အခန်း(၁၄)နေ ဒေါ်တင်တင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၈-၂၀၁၇ (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ(၄)လမ်း၊ အခန်း (၁၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်စန်းစန်းရီ
### (၂၁-၈-၂၀၁၂ မှ ၂၁-၈-၂၀၁၇)

ယနေ့ထိတိုင်း နေ့စဉ်လွမ်းဆွတ်သတိရလျက်ရှိဆဲပါ လစဉ်(၂၁)ရက်နေ့တိုင်း ပြုလုပ်ရည်စူး ကုသိုလ်များနှင့် နှစ်ပတ်လည်နေ့တိုင်း တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် တရားစခန်းဝင်သော ယောဂီများသို့ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းနိုင်မှု အပါအဝင် ပြုပြုသမျှ ကုသိုလ်အစုစုအတွက် ရောက်ရာဘုံဘဝမှ အမျှယူနိုင်ပါစေသော် . . .

ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း)

| | | |
|---|---|---|
| သမီးကြီး | - | ဦးညီညီနိုင်၊ ဒေါ်စန်းသီတာဝင်း |
| သား | - | ဦးမင်းနေကျော်ဝင်း |
| သမီးငယ် | - | ပါမောက္ခဒေါက်တာဘုန်းမြင့်ထွန်း၊ ဒေါ်စန်းစပယ်ဝင်း |
| မြေးလေးများ | - | ကြာညိုသွယ်သင်း [ First Year Hons: (Psy) YU ] |
| | - | ဝင်းမြတ်ရွှေစင်ထွန်း [ တက္ကသိုလ်ဝင်တန်းအောင် (6 D) TTC ] |
| | - | ဝင်းဘုန်းထွဋ်နိုင် [Grade-10 TTC ] |
| | - | ဝင်းခန့်လပြည့်ထွန်း [Grade-6 TTC ] |

---

## ဒုဗိုလ်မှူးကြီးခင်မောင်ထွေး(ငြိမ်း) (၇၆)နှစ်
### ကြည်-၁၀၃၅၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကကနယ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အဝေရာလမ်း၊ တိုက်(၅၇)၊ အခန်း(၁၀၄/D)နေ (ဦးစံလှ-ဒေါ်လွင်)တို့၏သား၊ ဒေါ်ခင်မေညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ ဒေါက်တာဦးသောင်းဌေး-ဒေါ်ခင်စုစုယဉ်၊ ဒေါက်တာကြည်ဇင်-ဒေါက်တာခင်မျိုးမျိုးအောင်၊ ဦးဇင်မင်းလင်း-ဒေါက်တာခိုင်သက်ထားကျော်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မသုသစ္စာသောင်းဌေး၊ မကက်သလင်းခင်ခင်ဇင်၊ မောင်သက္ကလင်းတို့၏ ချစ်လှစွာသောအဘိုး ဒုဗိုလ်မှူးကြီးခင်မောင်ထွေး(ငြိမ်း)သည် ၁၉-၈-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်း၊ ရွှေထီး၊ ရေတွင်း၊ ရေကန် အလှူဒါယကာကြီး
## ဦးအောင်ထွန်းစံ(ကုန်သည်)
### အသက် (၈၉) နှစ်
### ဘူးသီးတောင်၊ မောင်တော

